ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၊ (16-9-2007) (၅၄၄၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   စက်တင်ဘာ   ၁၆

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မက္ကဆီကိုနိုင်ငံ သမ္မတ မစ္စတာဖယ်လီပီ ကာလ်ဒါရွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ခေတ္တဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသူထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   စက်တင်ဘာ   ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် ခန့်အပ်ခြင်းခံရသည့် မစ္စတာ ဗစ်တာဇူးဗ်ကော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ချီးမြှင့်သည့် တံခွန်စိုက် ဆုဖလားကြီးကို တွေ့ရစဉ်။ (ဝဲပုံ)နှင့်၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ထိုင်းအသင်းကို အနိုင်ရပြီး ဗိုလ်စွဲသွားသည့် မြန်မာအမျိုးသမီး ဘောလုံးအသင်းကို တွေ့ရစဉ်။ (အောက်ပုံ) (ကြေးမုံ)

အာဆီယံအမျိုးသမီးတံခွန်စိုက်ဘောလုံးပြိုင်ပွဲ မြန်မာက ထိုင်းကို အနိုင်ရဗိုလ်စွဲ

ပရိသတ်ကွင်းလုံးပြည့် တစ်ခဲနက်အားပေးမှု၊ မြန်မာအသင်း၏ ဇွဲစိတ်ဓာတ် ကြံ့ခိုင်မှုတို့ကြောင့် အောင်ပွဲခံ မြန်မာနိုင်ပြီ၊ ဒို့မြန်မာနိုင်ပြီ တေးသီချင်းသံ သုဝဏ္ဏဘောလုံးကွင်းအတွင်း လွှမ်းပျံ့

ရန်ကုန်   စက်တင်ဘာ   ၁၅

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေက သုဝဏ္ဏ လူငယ်အားကစားလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက ထိုင်းလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို အနိုင်ရဗိုလ်စွဲကာ အာဆီယံ တံခွန်စိုက်ဖလားအား ဒုတိယအကြိမ် ဆွတ်ခူးရရှိသွားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

သတင်းနှင့်ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၆-၉-၂၀၀၇
(တနင်္ဂနွေနေ့)

အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင် ကျန်းမာ စိတ်ချမ်းသာ

အာဟာရလွန်ကဲမှု၊ အာဟာရချို့တဲ့မှုများ ဖြစ်ပွားခြင်းသည် ကလေးနှင့်မိခင်များ အပါအဝင် လူတိုင်း၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါအမျိုးမျိုးကြောင့် သေဆုံးရသူ ငါးနှစ်အောက် ကလေးသူငယ်များအနက် အများစုသည် အာဟာရချို့တဲ့မှုနှင့် ဆက်စပ်နေကြောင်း သိရသည်။ ထို့အပြင် နိုင်ငံ ၁၀၀ ကျော်၌ မှီတင်းနေထိုင်ကြသူ လူအများစုသည် ပတ်ဝန်းကျင် ရေမြေအခြေအနေအရ အိုင်အိုဒင်းအာဟာရ ချို့တဲ့လာမှုများနှင့် ရင်ဆိုင်နေကြရသည်။

ဗီတာမင်အေချို့တဲ့မှုသည် ကလေးသူငယ်များအား မျက်စိကွယ်သည်အထိ အန္တရာယ်ပေးနိုင်ရုံမျှမက ကူးစက်ရောဂါအမျိုးမျိုးကို ခုခံနိုင်သည့် ကိုယ်ခံစွမ်းအားလည်း ကျဆင်းစေနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး ပညာပေးလုပ်ငန်းများနှင့် ပေါင်းစပ်ယှဉ်တွဲ ဖော်ဆောင်လျက်ရှိသည်။

အထူးသဖြင့် ပြည်သူများအတွင်း အာဟာရပညာဖြန့်ဖြူးပေးခြင်း၊ မိသားစုတိုင်း အိုင်အိုဒင်းဆားစားသုံးစေခြင်း လုပ်ငန်းများကိုသာမက ကလေးများအား အင်အားပြည့် ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ အမျိုးသမီးများအား သံဓာတ်အားဆေးမှီဝဲစေခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ယခုအခါ ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြိုလှုပ်ရှားမှုအဖြစ် ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင် အာဟာရသရုပ်ပြချက်ပြုတ်ပြိုင်ပွဲများ၊ ကျန်းမာသန့်ရှင်း၍ အန္တရာယ်ကင်းသော အစားအစာများ ချက်ပြုတ်မှု အရည်အသွေးမြှင့်တင်ရေး သင်တန်းများ ကျင်းပ၍ အသိပညာပေးလျက်ရှိသည်။

လူတိုင်းလူတိုင်း အသက်အရွယ်မရွေး အသား၊ အသီးအနှံနှင့် အစားအစာများကို မျှတစွာစားသုံးခြင်းဖြင့် **အာဟာရပြည့်လျှင် ရောဂါစင်ပြီး ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ** မှုရရှိကြမည်ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ လက်တွဲပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆက်လက် အသိပညာပေးနေကြရမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဈေးရပ်ကွက် ယူကလစ်လမ်းနေ ဦးငွေထွန်း-ဒေါ်မြသွေး (ခိုင်မိတ္တူ) မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော် ဦးလက္ခဏာရှေ့မှောက်၌ တာဝန်ခံ (သဒ္ဓမ္မဇောတိကဓဇ) (သီဟသုဓမ္မမဏိဇောတဓရ) ရွှေမြင်တင် ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုမင်္ဂလာလမ်းနေ ဦးသိန်းညွန့်၏ (၇၅) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိုလင်းပြည်နယ် ညီအဖွဲ့တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိုလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr.Yang Qingcai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာ မြဦးနှင့် ဒေါက်တာ ပိုင်စိုး၊ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အဖွဲ့ခေါင်းဆောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ကျိုလင်းပြည်နယ်သည် တရုတ်တိုင်းရင်းဆေး တိုးတက်ဖွံ့ဖြိုးသော ပြည်နယ်ဖြစ်ပြီး တိုင်းရင်းဆေး ရာချီ၊ ထောင်ချီရှိကြောင်း၊ တိုင်းရင်းဆေးစက်ရုံ ၁၀ ခု ကျော်ရှိပြီး တရုတ်တိုင်းရင်းဆေးပညာနှင့်စပ်လျဉ်း၍ ပညာရှင် အချင်းချင်း အသိပညာဖလှယ်ခြင်း၊ တိုင်းရင်းဆေးရုံများ၊ ဆေးဝါးစက်ရုံများ၊ အပြန်အလှန်တည်ဆောက်ခြင်း၊ သင်တန်းများအပြန်အလှန် ပို့ချဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လိုကြောင်း တင်ပြသည်။

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်ဖြစ်သည့်လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် တိုင်းရင်းဆေးတက္ကသိုလ် အဆင့်အထိ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့်ဆေးတက္ကသိုလ်များ၌ ၂၀၀၃ ခုနှစ်မှစ၍ အခြေခံတိုင်းရင်းဆေးဘာသာရပ်ကို သင်ကြားပို့ချပေးပြီး တိုင်းရင်းဆေးပညာဆိုင်ရာ လက်မှတ်များ ချီးမြှင့်ပေးကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းမှာ ကမ္ဘာတွင် ပထမဆုံးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်မှ အပ်စိုက်ပညာကိုလည်း အထူးစိတ်ဝင်စား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကူအညီဖြင့် မြန်မာနိုင်ငံ၌ တရုတ်ပညာရှင်တချို့က လာရောက်သင်တန်းပို့ချခဲ့ကြောင်း၊ တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပြပွဲများ ပြုလုပ်ပေးကြောင်း၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးဆရာအသင်းများဖွဲ့စည်း၍နိုင်ငံတော်၏ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က မြန်မာနိုင်ငံ၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၂ ရုံနှင့် ခုတင် ၅၀ ဆံ့ ဆေးရုံနှစ်ရုံ တည်ထောင်ဖွင့်လှစ်ပေးပြီး ဆေးကုသမှုပေးလျက်ရှိကြောင်း၊ မြို့နယ်၊ ခရိုင်အဆင့် တိုင်းရင်းဆေးကုသဌာန ၂၃၇ ခုကိုလည်း ဖွင့်လှစ်၍ လူနာများကို ကုသပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ အားပေးမှုဖြင့် ရှားပါးတိုင်းရင်းဆေးပညာ မျိုးတုံးပျောက်ပျက်မသွားစေရန် တိုင်းရင်းဆေးဥယျာဉ်ကိုးခု တည်ထောင်စိုက်ပျိုးထားလျက်ရှိကြောင်းဖြင့် တင်ပြသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိုလင်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ **Mr.Yang Qingcai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ** လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဆင်းပွဲနှင့် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့က ကြီးမှူးဖွင့်လှစ်သည့် သစ်အခြေခံ စက်မှုနည်းပညာသင်တန်း အမှတ်စဉ်(၈)ဆင်းပွဲနှင့် သင်တန်းအမှတ်စဉ်(၉) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်ရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်(အပေါ်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့သစ်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးတင်စိုးက အမှာစကားပြောကြားသည်။**

ထို့နောက် သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာန ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီး ဦးကောင်းရင်က သင်တန်းပို့ချမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားတစ်ဦးက သင်တန်း အတွေ့အကြုံနှင့် အကျိုးကျေးဇူးများကိုတင်ပြသည်။ဆက်လက်၍ ဂုဏ်ထူးဆောင် ကျောင်းအုပ်ကြီး ဦးကောင်းရင်က သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နာယက ဦးအောင်လွင်က ထူးချွန်သင်တန်းသားများအား ဆုများကို ပေးအပ်ရာ သင်တန်းသားများ ကိုယ်စား ဦးဗိုလ်ဗိုလ်ဟိန်းက လက်ခံသည်။

သစ်အခြေခံစက်မှုနည်းပညာသင်တန်း အမှတ်စဉ်(၈)သို့ သင်တန်းသား၂၈ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့ပြီး သင်တန်းအမှတ်စဉ်(၉)သို့သင်တန်းသား ၂၂ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ်အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားစေရန်၊
(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊
(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊
(၄) လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊
(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အကောက်ခွန်ကုန်လှောင်ရုံ ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အကောက်ခွန်ကုန်လှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအရာရှိနှင့် အရာထမ်း၊အမှုထမ်းများက ကိုယ်စီတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို တစ်ဦးချင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးက လေဆိပ်အကောက်ခွန် ကုန်လှောင်ရုံ ရှင်းလင်းဆောင်၌ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းတို့က ပြည်ပမှ လေကြောင်းခရီးဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများကို စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လိုအပ်ချက်အရ တင်သွင်းလာသော သွင်းကုန်များကို နေ့ချင်းပြီး ထုတ်ယူခွင့် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ရှင်းလင်း တင်ပြချက်များအပေါ် ဝန်ကြီးက ဌာနနှင့် ဆက်သွယ်သူပြည်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များအား ချိုသာပြေပြစ်စွာဖြင့် လုပ်ငန်းဆောင်ရွက်ပေးရေး၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးရေးနှင့် နိုင်ငံတော်အပေါ် သစ္စာရှိမှု၊ ကိုယ်စီရိုးဖြောင့် မှန်ကန် တာဝန်သိမှုတို့ဖြင့် တာဝန်ထမ်းဆောင်ကြရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လေဆိပ်အကောက်ခွန် ကုန်လှောင်ရုံအတွင်း ပြည်ပမှ လေကြောင်းခရီးဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများကို လက်ခံထုတ်ပေးသည့် လုပ်ငန်းများဆောင်ရွက်နေမှု၊ ကုန်ပစ္စည်းများ သိုလှောင်ထားရှိမှုနှင့် အသေးစိတ်လိုအပ်သည့် ဆေးဝါးနှင့် အခြားကုန်ပစ္စည်းများအား အအေးခန်းအတွင်း သိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့သည်။

ယင်းနောက်ဝန်ကြီးသည်အကောက်ခွန် ကုန်လှောင်ရုံ ပြင်ပခြံဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသပ်ရပ်မှုနှင့် စနစ်တကျနေရာချထားမှုတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာနိုင်ငံ ဘဏ်များအသင်းအဆောက်အအုံသို့ရောက်ရှိပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဦးဆောင်မှုနှင့် မြန်မာနိုင်ငံ ဘဏ်များအသင်း၏ ကြီးကြပ်မှုတို့ဖြင့် ဖွင့်လှစ်ပို့ချပေးမည့် ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်းဖွင့်လှစ်ရန်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ပို့ချရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သင်တန်းသားခေါ်ယူမည့် အစီအစဉ်များ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများ၊ ဆွေးနွေးပွဲများတွင် ဟောပြောဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာ ဝါရင့်ပညာရှင်များအား ညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သင်တန်းအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ၊ ပရိဘောဂများ၊ ကွန်ပျူတာများ ဖြည့်ဆည်းထားရှိမှု အခြေအနေများကို ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဦးကံဇော်က ဘဏ်လုပ်ငန်းဒီပလိုမာ သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်က သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများ၊ သင်ကြားမှု အထောက်အကူဆိုင်ရာ စာရွက်စာတမ်း သင်ရိုးဇယားများ စသည်ဖြင့် ပူးတွဲပေါင်းစည်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှု ဒါရိုက်တာများက ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း ဖွင့်လှစ်ပို့ချရေးနှင့် စပ်လျဉ်းပြီး အကြံပြု ဆွေးနွေးတင်ပြကြသည်။

စဉ်ဆက်မပြတ်ဆောင်ရွက်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဟူသည့် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များအတိုင်း လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ဤလုပ်ငန်းဒီပလိုမာသင်တန်း ဖွင့်လှစ်ရန် စီမံဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားစေရန် လိုအပ်သည့် ပညာရှင်များအားသင်တန်းက လေ့ကျင့်သင်ကြားပေး ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စိတ်စေတနာကောင်းဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပညာရပ်များ သင်ကြားပို့ချပြီး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါ၍ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ဖွင့်လှစ်ပို့ချမည့် ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းအတွက် ပြင်ဆင်ထားရှိသည့် သင်တန်းခန်းမများ၊ Language Lab နှင့် စာကြည့်တိုက်၊ ဆရာ၊ ဆရာမများ၏ ရုံးခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း (Diploma in Banking) ကို မကြာမီကာလတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၆

၂၀၀၇ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စု၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မက္ကဆီကိုနိုင်ငံနိုင်ငံခြားရေးဝန်ကြီး သံအမတ်ကြီး ပတ်ထရစ်ရှာ အက်စ်ပီနိုစာ ကဲန်တယ်လ်လာနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၉-၂၀၀၇(တနင်္ဂနွေနေ့)

AM/PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"နိဗ္ဗာန်ဆိုတာတကယ်ရှိတယ်" တရားတော် (ရွှေမိုးညိုဆရာတော်အရှင်ဇာနေယျ)
၈း၀၀-၂း၀၀	Sunday Talk [မျိုးမြတ်သူ၊ကိုကို(စက်မှုတက္ကသိုလ်)]
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	ACTIVITIES IN THE CITY
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	ကျောင်းသားလူငယ်နှင့်ကျန်းမာရေး(ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွဏ်း)
၁၀း၀၅-၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	မြန်မာ့စပီရှုလိုင်းနား
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာအနုပညာရေးရာ
၁၁း၅၅-၅း၅၅	အလင်းပေးတဲ့ခရီးစဉ် အပိုင်း(၁)
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	EURO GOALS
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Man City-Aston Villa	ESPN(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Juventus-Udinese	5-Cartoon (Live)

NLD ပါတီခေါင်းဆောင်များ အာဏာကိုမက်မောပြီး ကိုယ်ကျိုးအတ္တကြီးမားစွာ လုပ်ဆောင်နေမှုကြောင့် စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၁၇ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးထွန်းထွန်း၊ ဦးသောင်းရန်၊ ဦးလှရွှေ၊ ဦးကံစိန်၊ ဦးထွန်းကြိုင်၊ ဦးကံမောင်၊ ဦးပြည်ဝင်း၊ ဦးခင်စိုး၊ ဦးအေးထွန်းနှင့် ဦးတောက်တို့ အပါအဝင် ပါတီဝင် ၁၇ ဦးတို့သည် စက်တင်ဘာ ၆ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီခေါင်းဆောင်များသည် အာဏာကိုမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ လုပ်ဆောင်နေမှုကြောင့် ပါတီဝင်အဖြစ် ဆက်လက်လုပ်ကိုင်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖော်ပြထားသည်။

(သတင်းစဉ်)

ဗင်နီဇွဲလားနိုင်ငံ ကာရာကပ်စ်မြို့တွင်ကျင်းပသည့် အလှမယ်ပြိုင်ပွဲတွင် အလှမယ်များအား စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပွဲတွင် နေရောင်ခြည်စွမ်းအင် ကျယ်ကျယ်ပြန့်ပြန့်သုံးမည်

ပေကျင်း စက်တင်ဘာ ၁၄

၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ် အားကစားပွဲတွင် နေရောင်ခြည်စွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲမည်ဖြစ်ကြောင်း အစိုးရဌာနတာဝန်ရှိသူက ပြောကြားသည်။

အပူပေးစနစ်

တရုတ်နိုင်ငံ စံညွှန်းသတ်မှတ်ရေးအဖွဲ့အစည်းနှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ညီလာခံကော်မတီ အဖွဲ့ဝင် လီဆွန်ဟိုက အိုလံပစ်ကျေးရွာတွင် ရေပူပေးစနစ်အားလုံး၏ ၉၀ ရာခိုင်နှုန်းခန့်ကို နေရောင်ခြည်သုံး အပူပေးစနစ်ဖြင့်လည်းကောင်း၊ အိုလံပစ်ပွဲကျင်းပမည့် နေရာပတ်လည်ရှိ လမ်းများ မီးထွန်းညှိရာ၌ ၈၀ မှ ၉၀ ရာခိုင်နှုန်းကို နေရောင်ခြည်စွမ်းအင်မှလည်းကောင်း ရယူအသုံးပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအခါ တရုတ်နိုင်ငံတွင် အိမ်ထောင်စုသန်း ၄၀ ခန့် သို့မဟုတ် လူသန်း ၁၅၀ ခန့်သည် နေရောင်ခြည်စွမ်းအင်ကို နေ့စဉ်အသုံးပြုနေကြသည်။ တရုတ်နိုင်ငံသည် နေရောင်ခြည်စွမ်းအင်သုံး ရေပူစနစ်ကို ကမ္ဘာပေါ်တွင် အသုံးပြုမှု အများဆုံးနိုင်ငံဖြစ်သည်။

တရုတ်နိုင်ငံ နေရောင်ခြည်စွမ်းအင်သုံး အပူပေးစနစ်ဈေးကွက်သည် ယွမ်ဘီလီယံဆယ်ဂဏန်းများစွာ တန်ဖိုးရှိပြီး အလုပ်အကိုင်နေရာရာပေါင်းများစွာကို ဖန်တီးနိုင်ပေးကြောင်း ပြည်သူ့နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လီဆိုသို၌ ၄၉၄ ကာရက်ရှိ စိန်တုံးတူးဖော်ရရှိ

လန်ဒန် စက်တင်ဘာ ၁၄

လန်ဒန် ကျောက်မျက်ရတနာ တူးဖော်ရေး ကုမ္ပဏီဖြစ်သည့် စိန်ကျောက်မျက်ရတနာကုမ္ပဏီက ၄၉၄ ကာရက် အလေးချိန်ရှိ ၁၈ခုမြောက် အကြီးဆုံးသောစိန်ကို လီဆိုသိုနိုင်ငံရှိ လက်ဆင်ကျောက်မျက် မိုင်းတွင်းမှ တူးဖော်ရရှိကြောင်း ကြာသပတေးနေ့က ပြောကြားသည်။

နာမည်မပေးရသေးသော အံ့ဖွယ်ကောင်းသည့် အဆိုပါ စိန်သည် ၁၈ခုမြောက် အကြီးဆုံးသော စိန်အရိုင်းတုံးဖြစ်ပြီး အရောင်ထူးခြားကောင်းမွန်ပြီး ကြည်လင်လျက်ရှိသည်ဟု သိရသည်။ အဆိုပါလက်ဆင် ကျောက်မျက်မိုင်းတွင်း၏ ၇၀ ရာခိုင်နှုန်းကို စိန်ကျောက်မျက်ရတနာကုမ္ပဏီက ပိုင်ဆိုင်ပြီး ၃၀ ရာခိုင်နှုန်းကို လီဆိုသိုအစိုးရက ပိုင်ဆိုင်သည်။ ထို့အပြင် ကမ္ဘာ့ထိပ်တန်း အရည် အသွေးကောင်းမွန်သည့် စိန်သုံးလုံးကို တူးဖော်ရရှိခဲ့သည်။

ယင်းမိုင်းတွင်းမှ ၁၅ ခုမြောက်အကြီးဆုံးဖြစ်သည့် ၆၀၃ ကာရက်ရှိ စိန်တုံးကို ၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်းက တူးဖော်ရရှိခဲ့ပြီး ဒေါ်လာ ၁၂ ဒသမ ၄ သန်းဖြင့် ရောင်းချခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံမြောက်ပိုင်း ဘေဂျီမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ၁၁ဦးသေဆုံး

တီကရစ်(အီရတ်) စက်တင်ဘာ ၁၅

အီရတ်နိုင်ငံမြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ် ဘေဂျီမြို့၌ စက်တင်ဘာ ၁၄ရက်နေ့က ရဲစစ်ဆေးရေးဂိတ်တစ်ဂိတ်တွင် လောင်စာဆီတင်ကားတစ်စီးဖြင့် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ရဲတပ်ဖွဲ့များအပါအဝင် ၁၁ဦးသေဆုံးပြီး ရှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၂၀၀ အကွာ ဘေဂျီမြို့၏ တောင်ဘက်မြို့ဝင်ပေါက်ရှိ မာရှယ်လာစားသောက်ဆိုင်အနီးတွင်ရှိသော ရဲစစ်ဆေးရေးဂိတ်၌ ဖြစ်ပွားခဲ့ကြောင်း အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထိုပြင်းထန်သော ပေါက်ကွဲမှုကြောင့် ရဲသား ကိုးဦးနှင့် အရပ်သူ၊အရပ်သား နှစ်ဦးသေဆုံးခဲ့သည်။ ထို့ပြင် အရပ်သူ၊ အရပ်သား ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး အနီးရှိ စားသောက်ဆိုင် တစ်စိတ်တစ်ပိုင်းမှာလည်း ပျက်စီးခဲ့ကြောင်း သတင်းက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရိတ်စနစ်နှင့်ပတ်သက်သော ချို့ယွင်းချက်များ တွေ့ရသဖြင့် ဈေးကွက်မှ ပြန်လည်သိမ်းယူထားသည့် ခရိုက်စလာ ကားအချို့ကို အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်၌ စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မလေးရှား၏ကျေးငှက်နှင့် ဒီရေတောများ ထိန်းသိမ်းရန် သဘာဝဝန်းကျင် ထိန်းသိမ်းရေးစည်းကမ်းများ တင်းကြပ်မည်

ကွာလာလမ်ပူ စက်တင်ဘာ ၁၄

ကမ်းရိုးတန်းဒေသများ၊ ဒီရေတောများနှင့် စိမ့်မြေများတွင် မြေယာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လာသည့်အတွက် ထိုဒေသများတွင် နေထိုင်ကျက်စားသော ကျေးငှက်ကောင်ရေ ကျဆင်းသွားသည်ကို လေ့လာတွေ့ရှိရသည်။ သို့ဖြစ်၍ နောင်အခါ အဆိုပါဒေသများ၌ မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုလျှင် သဘာဝဝန်းကျင်ကို မထိခိုက်စေရေးအတွက် တင်းကြပ်သော စည်းကမ်းများချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလေးရှားအာဏာပိုင်များက ပြောကြားသည်။

မလေးရှားနိုင်ငံကမ်းခြေဒေသများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ နေအိမ်များနှင့် စက်မှုလုပ်ငန်းများ အလျှိုလျှိုပေါ်ထွက်လာသည်။ ထိုအခြေအနေများကြောင့် ရာသီအလိုက် ရွှေ့ပြောင်းကျက်စားသော ငှက်မျိုးများအတွက် နေထိုင်စရာနေရာများ ပျက်စီးသွားရသည်။ ဤသို့ဖြင့် ဆယ်စုနှစ် နှစ်ခုတာကာလအတွင်း ကမ်းခြေဒေသများ၌ ကျက်စားသော ငှက်ကောင်ရေ ၂၂ ရာခိုင်နှုန်း ကျဆင်းသွားရသည်ဟု စိမ့်တောမြေ သဘာဝဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထောက်ပြသည်။

မလေးရှားနိုင်ငံအနေဖြင့် အလားတူအမှားမျိုးနောက်ထပ် တစ်ကြိမ်တစ်ခါမျှ မပြုလုပ်မိစေရန်၊ သဘာဝဝန်းကျင် မထိခိုက်စေရန် စည်းကမ်းဥပဒေများ ထုတ်ပြန်၍ အရေးယူ ဆောင်ရွက်သွားမည်ဟု သဘာဝဝန်းကျင်ထိန်းသိမ်းရေးဌာန ဝန်ကြီးအဇ်မီခါလစ်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဂျပန်နိုင်ငံ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဂျပန်နိုင်ငံ၏ လသွားယာဉ် လွှတ်တင်လိုက်သည်ကို စက်တင်ဘာ ၁၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို ဓာတ်ငွေ့ပိုက်လိုင်းများဗုံးဖောက်ခွဲခံရ ကုမ္ပဏီရာပေါင်းများစွာ လောင်စာပြတ်လပ်

မက္ကဆီကိုစီးတီး စက်တင်ဘာ ၁၄

မက္ကဆီကိုနိုင်ငံတွင်ဓာတ်ငွေ့ပိုက်လိုင်းများ စက်တင်ဘာ ၁၀ ရက်က ဗုံးဖောက်ခွဲခံရမှုကြောင့် ရာပေါင်းများစွာသော ကုမ္ပဏီများ လောင်စာပြတ်လပ်မှုဖြစ်ရကြောင်း မက္ကဆီကိုသဘာဝဓာတ်ငွေ့အဖွဲ့ (အေအမ်ဂျီအင်န်)က စက်တင်ဘာ ၁၁ရက်တွင် ပြောကြားသည်။ ဗုံးဖောက်ခွဲခံရသဖြင့် နေ့စဉ်ပေးပို့လွှတ်နေရသည့် ဓာတ်ငွေ့ကုဗပေသန်း ၇၀၀ ဖြန့်ဝေမှု ရပ်ဆိုင်းသွားရကြောင်း အေအမ်ဂျီအင်န်အဖွဲ့ဥက္ကဋ္ဌ အော်ဂူစတင်ဟူမန်က ပြောကြားသည်။

နိုင်ငံပိုင် ပီထရိုလီယမ်မက္ကဆီနို ကုမ္ပဏီပိုင် ဓာတ်ငွေ့ပိုက်လိုင်းများသည် စက်တင်ဘာ ၁၀ရက် အစောပိုင်းအချိန်က ခြောက်နေရာ၌ ဗုံးဖောက်ခွဲခံရခြင်းဖြစ်သည်။

ဗီရာကရုဇ်ပြည်နယ်ကမ်းခြေ အရှေ့ဘက်ရှိ ရေနံပိုက်လိုင်း ငါးလိုင်းနှင့် တက်စ်ကာလာပြည်နယ် အလယ်ပိုင်းရှိ ရေနံပိုက်လိုင်းတစ်လိုင်းတို့ ပျက်စီးခဲ့သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ မရှိသော်လည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသူ လူပေါင်း ၁၂၅၀၀ရှိသည်။ မက္ကဆီကို နိုင်ငံတွင် ပြည်နယ် ၃၂ခုရှိသည့်အနက် ပြည်နယ် ၁၁ ခုတွင် ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်မှုများ ဖြစ်ခဲ့ရသည်။ လောင်စာပိုက်လိုင်းများ ပေါက်ကွဲမှုကြောင့် ဘတ်စ်ကားအစီး ၁၅၀၀ ခန့်သည်လည်း လောင်စာပြတ်လပ်မှုဖြင့် ကြုံတွေ့ရမည့် အခြေအနေရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဟောင်ကောင်၌ ဒူးလော့စ်သင်္ဘော ရေပေါ်စာအုပ်ပွဲကျင်းပ

ဟောင်ကောင် စက်တင်ဘာ ၁၄

ဒူးလော့စ်ပင်လယ်ခရီးသွား စာအုပ်သင်္ဘောကြီးသည် ဟောင်ကောင်သို့ ရှစ်ကြိမ်မြောက်အဖြစ် စက်တင်ဘာ ၁၁ ရက်က ဆိုက်ရောက်လာသည်။ ကမ္ဘာတွင် အကြီးဆုံး ရေပေါ်စာအုပ်ဈေးပွဲတော်ကို ကျင်းပကာ ခရီးလှည့်လည်နေသည့် သင်္ဘောကြီးအဖြစ် ဒူးလော့စ်သင်္ဘောကို ဂင်းနစ်ကမ္ဘာ့မှတ်တမ်းစာအုပ်၌ ဖော်ပြထားသည်။

ဒူးလော့စ်သင်္ဘောကြီးသည် ဟောင်ကောင်သို့ စက်တင်ဘာ ၁၀ ရက်က ဆိုက်ကပ်ခဲ့သည်။ ယင်းသင်္ဘောသည် ဟောင်ကောင်သို့ ၂၀၀၀ ပြည့်နှစ်က နောက်ဆုံးဆိုက်ရောက်ခဲ့သည်။ ထိုသင်္ဘောသည် ဆိပ်ကမ်းတွင် စက်တင်ဘာ ၁၁ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ဆိုက်ကပ်ထားမည်ဖြစ်သည်။

သက်တမ်း ၉၃ နှစ်ရှိ အဆိုပါ သင်္ဘောကြီးသည် ၁၃၀ ဒသမ ၃၅ မီတာရှည်ပြီး ၁၆ ဒသမ ၆ မီတာအကျယ်ရှိသည်။ ဂင်းနစ်ကမ္ဘာ့မှတ်တမ်းစာအုပ်တွင် ကမ္ဘာ့သက်တမ်းအရှည်ဆုံး ပင်လယ်ကူးခရီးသွားသင်္ဘောအဖြစ် မှတ်တမ်းတင်ခံထားရပြီး ၂၀၁၀ ပြည့်နှစ်တွင် ယင်းသင်္ဘောကြီး ပြေးဆွဲနေသည့် လုပ်ငန်းအဝကို ရပ်ဆိုင်းရန် စီစဉ်ထားကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။



သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းကို စက်တင်ဘာ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်နှင့် ဆက်သွယ်သူ သုံးဦးကို ဩစတြီးယားအစိုးရ ဖမ်းဆီး

ဗီယင်နာ စက်တင်ဘာ ၁၄

အင်တာနက်မှတစ်ဆင့်ဩစတြီးယားနိုင်ငံအား ဗုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်ခဲ့ပြီး အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် အဆက်အသွယ်ရှိသူ သုံးဦးကို ဩစတြီးယား အစိုးရက ဖမ်းဆီးကြောင်းဩစတြီးယားပြည်ထဲရေးဝန်ကြီး ဂူအင်သာပါလက်တာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဖမ်းဆီး

“ဖွိုက်စ်အော့ဖ်သည်ကာလီဖိတ်”ဟု ခေါ်တွင်သည့် အုပ်စုက စစ်သွေးကြွများ အသုံးပြုနေသည့် ဝက်ဘ်ဆိုက်မှ တစ်ဆင့် ဗုံးဖောက်ခွဲမည့် ခြိမ်းခြောက်မှု သတင်းကို မတ်လအတွင်းက ဖော်ပြခဲ့သဖြင့် ဩစတြီးယားအစိုးရက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဩစတြီးယားနိုင်ငံအတွင်း လက်တွေ့အားဖြင့် တိုက်ခိုက်မှုပြုမည့် အစီအစဉ် များမရှိခဲ့ကြောင်း ပါလက်တာက ပြောကြားသည်။

ဂျာမနီအစိုးရက ၎င်းနိုင်ငံရှိ အမေရိကန် အဆောက်အအုံများကို ဗုံးဖောက်ခွဲတိုက်ခိုက်မည့် စစ်သွေးကြွတို့၏ အစီအစဉ်ကို ဖယ်ရှားနိုင်ခဲ့သည်ဟု ပြောကြားပြီးသည့်နောက် ဖော်ပြပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ကိုင်ဆောင်ထား

ဩစတြီးယားတွင် ဖမ်းထားသည့် မသင်္ကာသူ သုံးဦးသည် အသက် ၂၀ အရွယ်ရှိ အမျိုးသားတစ်ဦး၊ အသက် ၂၁နှစ်ရှိ ၎င်း၏ ဇနီးနှင့် အသက် ၂၆ နှစ်ရှိ အမျိုးသားတစ်ဦး တို့ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။ ၎င်းတို့မှာ အာရပ်နိုင်ငံများမှဩစတြီး ယားနိုင်ငံအတွင်း ဝင်ရောက်လာသူများ ဖြစ်ကြပြီး ဩစတြီးယားနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများ ဖြစ်ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘိန်းဖြူနှင့်အတူဖမ်းမိသည့် ဗြိတိန်နိုင်ငံသား အင်ဒိုနီးရှား တရားရုံးက ထောင်ဒဏ်ချမှတ်

ဒင်ပါဆာ စက်တင်ဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း အပန်းဖြေဒေသသို့ လာရောက်သော ဗြိတိန်နိုင်ငံသားတစ်ဦးအား ဘိန်းဖြူမှုဖြင့် အင်ဒိုနီးရှားတရားရုံးက ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက်တွင် ထွက်ပေါ်လာသည့် တရားရေးဌာနသတင်းက ဖော်ပြသည်။

အပြစ်ဒဏ်ချမှတ်ခံရသူ ရော်နယ်ရမ်ဆေးကို ဖေဖော်ဝါရီလအတွင်းက ဘာလီကျွန်း ကုန်တိုက်တစ်နေရာ၌ ဘိန်းဖြူ မီလီဂရမ် ၁၀၀နှင့်အတူ အင်ဒိုနီးရှားရဲက ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဗြိတိန်ရုပ်မြင်သံကြား“ကစ်ချင်နိုက်မဲ”မီးဖိုချောင်တွင်းမှ အိပ်မက်ဆိုးအစီအစဉ်ဖြင့် နာမည်ကျော်ကြားသူ စားဖိုမှူးကြီး ဂေါ်ဒင်ရမ်ဆေး၏ညီတော်စပ်သူဖြစ်သည်။

ရော်နယ်ရမ်ဆေးကို တရားရုံးက ထောင်ဒဏ်၁၀လနှင့်ဒဏ်ငွေ ရူပီးငါးသန်းနှင့်ညီမျှသည့် ငွေကြေးပေးဆောင်ရန် စီရင်ချက်ချခဲ့သည်။ ထိုဒဏ်ငွေသည် အမေရိကန်ငွေ ၅၃၁ဒသမ၆ ဒေါ်လာနှင့်ညီမျှသည်။ ၎င်းသည် အချုပ်အတွင်း၌ ခြောက်လတာနေခဲ့ပြီးဖြစ်၍ ဒင်ပါဆာရှိ ကီရိုဘိုကန်အကျဉ်းထောင်တွင် နောက်ထပ်လေးလအပြစ်ဒဏ်ခံရဦးမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘင်္ဂလားဒေ့ရှ်၌ ရေလွှမ်းမိုးမှု ဆက်လက်ဖြစ်ပွား

ဒါကာ စက်တင်ဘာ ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မက်ဒ်မာမြစ်နှင့် ယမုံနာမြစ် မြစ်ရေသည်စိုးရိမ်ရေအမှတ်အထက်ကိုမြင့်တက်ရောက်ရှိနေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမိုးမှု အခြေအနေမှာ ပိုမိုဆိုးရွားလာပြီး နိုင်ငံ၏ဒေသ ၆၄ခုအနက် ဒေသ ၄၆ခုတွင် ပြည်သူ ၁၁ ဒသမ ၃သန်းသည် ရေလွှမ်းမိုးမှုဒဏ် ခံစားနေရကြောင်း ဒေသဆိုင်ရာ ဒေးလီးစတားသတင်းစာက စက်တင်ဘာ ၁၃ရက်တွင် ရေးသား ဖော်ပြသည်။

ကုန်းမြင့်ဒေသနှင့် ကားလမ်းဘေး ဒေသများတွင် နေထိုင်လျက်ရှိသည့် ပြည်သူထောင်ပေါင်းများစွာသည်စားနပ်ရိက္ခာ၊ ရေအခက်အခဲတို့နှင့် ကြုံတွေ့နေရသည်ဟုသတင်းစာတွင်ဖော်ပြသည်။

ရေလွှမ်းမိုးမှုဒဏ်ဖြင့်ဆက်နွှယ်သည့် ရေနစ်ခြင်း၊ ဝမ်းလျှောခြင်းနှင့် မြွေကိုက်ခြင်းစသည့်အကြောင်းအရာဖြင့် သေဆုံးသူ၈၇၄ဦးရှိသည်ဟု ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဌာန စာရင်းအင်းတွင် ဖော်ပြသည်။ ရေလွှမ်းမှုဖြစ်ပွားသည့်ဒေသများတွင်ရေကြောင့်ဖြစ်ပွားသည့် ရောဂါများ လျင်မြန်စွာပျံ့နှံ့လျက်ရှိသည်။

ယခုနှစ်တွင် ရေလွှမ်းမှုကြောင့် စိုက်ပျိုးမြေ ဟက်တာ ၃၃၂၀၀၀ခန့်မှာ လုံးဝ ပျက်စီးသွားပြီး စပါးစိုက်မြေ ဟက်တာ ၄၀၀၀၀၀ ခန့် တစ်စိတ်တစ်ပိုင်းပျက်သွားကြောင်း၊ လမ်းပျက်စီးမှုတွင် အရှည် ၃၆၂၁ ကီလိုမီတာခန့်သည် လုံးဝပျက်စီးသွားပြီး လမ်းအရှည် ကီလိုမီတာ၂၅၅၉၀ မှာအနည်းငယ်ပျက်စီးသွားကြောင်းရေလွှမ်းမှုနှင့်ဘေးအန္တရာယ်ကာကွယ်ရေးရာ ဝန်ကြီးဌာနက ပြောကြားသည်။

ရေလွှမ်းမှုကြောင့် အိမ်ခြေတစ်သန်းခန့်ပျက်စီးသွားပြီး ကျောင်းပေါင်း ၈၀၀၀ ကျော်သည် တစ်စိတ်တစ်ပိုင်းသို့မဟုတ် လုံးဝပျက်စီးသွားသည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ နိုင်ငံတကာသတင်းများ

The Mirror

တရုတ်နိုင်ငံပေကျင်းမြို့ မြေအောက်ရထားဘူတာရုံတွင် အရေးပေါ်အခြေအနေနှင့် ကြုံတွေ့ရပါက ဆောင်ရွက်ရမည့် နည်းစနစ်များ လေ့ကျင့်နေသည်ကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နေတိုးနှင့် ပူးတွဲဆောင်ရွက်မည့် စစ်ရေးလေ့ကျင့်မှု နော်ဝေနိုင်ငံ ပယ်ဖျက်

စတော့ဟုမ်း စက်တင်ဘာ ၁၄

နေတိုးတပ်ဖွဲ့နှင့် ပူးတွဲပြုလုပ်မည့် စစ်ဘက်ဆိုင်ရာ လေ့ကျင့်မှုများကို နော်ဝေးတပ်ဖွဲ့က ပယ်ဖျက်ခဲ့သည်။ ၂၀၀၄ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် နော်ဝေးနိုင်ငံ၏ စီးပွားရေးတွင် လိုငွေပြမှုမျိုး မဖြစ်စေရန် ရည်ရွယ်၍ စစ်ရေးလေ့ကျင့်မှု ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း ၁၃၀ ကို လျှော့ချခြင်းဖြစ်သည်ဟု စက်တင်ဘာ ၁၃ ရက်က အော့စလိုမြို့မှ ထွက်ပေါ်လာသည့် သတင်းဌာနများက ဖော်ပြသည်။

မြေထဲပင်လယ်ပြင်တွင်နေတိုးတပ်ဖွဲ့များက စစ်ရေးလေ့ကျင့်ရန် အစီအစဉ်ရှိသည်။ထိုစစ်ရေးလေ့ကျင့်မှုတွင်နော်ဝေးမှ လေယာဉ်များနှင့် ရေငုပ်သင်္ဘောများ ပါဝင်နိုင်မည် မဟုတ်တော့ပေ။ ထို့အပြင် ၂၀၀၆ ခုနှစ်ကတည်းက နော်ဝေးတွင် စစ်လေ့ကျင့်ရန် စီစဉ်ထားသည့် ၂၀၀၈ ခုနှစ် စစ်ရေးလေ့ကျင့်ရေးအစီအစဉ်ကိုလည်းနော်ဝေးတပ်ဖွဲ့က ပယ်ဖျက်ခဲ့သည်။

ဘဏ္ဍာရေးဆိုင်ရာ လိုငွေပြမှုအခြေအနေကို ထိန်းချုပ်ရန်အတွက် စစ်ရေးလေ့ကျင့်မှုများကိုလျှော့ချခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာန အကြီးအကဲ ဆဗာရီဒီဆန်က ပြောကြားသည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှု စရိတ်သည် အမေရိကန်ဒေါ်လာ သန်း ၁၃၀ ရှိပြီး နိုင်ငံဘတ်ဂျက်၏ ၁ရာခိုင်နှုန်းမှ၂ရာခိုင်နှုန်းအတွင်းရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၌ ကလေးငယ်များသတ်သူအား သေဒဏ်ချမှတ်

နက်ဗယ်လာ(တင်နက်ဆီ) စက်တင်ဘာ ၁၄

အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် ရီဗာဘန့်ဒ်အကျဉ်းထောင်၌ စက်တင်ဘာ ၁၂ရက်က ၄၇နှစ် အတွင်း ပထမဆုံးအကြိမ် အဖြစ် လျှပ်စစ်ကုလားထိုင်ကို အသုံးပြုကာ အကျဉ်းသားတစ်ဦးအား ကွပ်မျက်ခဲ့သည်။

အဆိုပါ အကျဉ်းသားမှာ ဒရှိုင်ဟိုတန် (၄၅) နှစ်ဖြစ်ပြီး ၎င်း၏ကလေးသုံးဦးနှင့် တူမကို တင်နက်ဆီပြည်နယ် ဆယ်ဘိုင်ဗီလာမြို့တွင် ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၃၀ရက်က သတ်ဖြတ်ခဲ့သည်။ အဆိုပါကလေးသုံးဦးမှာ လေးနှစ်မှ ၁၂ နှစ်အရွယ်သာရှိသူများဖြစ်သည်။ ၎င်းကလေးအားလုံးကို ရိုင်ဖယ်သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်တောင်ပိုင်း မိုင်းရှင်းရေးလုပ်ငန်းအတွက် ဩစတြေးလျက ဒေါ်လာရှစ်သိန်းကျော် ထောက်ပံ့မည်

ဘေရွတ် စက်တင်ဘာ ၁၄

လက်ဘနွန်နိုင်ငံတောင်ပိုင်းဒေသတွင် ကလပ်စတာဗုံးတွဲများနှင့် အခြားမပေါက်သေးသည့် ဗုံးများရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်နေသော ကုလသမဂ္ဂမှ မိုင်းရှင်းလင်းရေးအတွက် ဩစတြေးလျ အစိုးရက အမေရိကန်ဒေါ်လာ ၈၂၀၀၀၀ ထောက်ပံ့ပေးရန် ကတိကဝတ်ပြုကြောင်း ဒေးလီးစတားသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားသည်။

ဘေရွတ်မြို့ရှိ ဩစတြေးလျသံရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဩစတြေးလျအစိုးရက ဖော်ပြပါအတိုင်း ကတိကဝတ်ပြုကြောင်း ဖော်ပြထားသည်ဟု သတင်းစာက ဆက်လက်ရေးသားသည်။ ဩစတြေးလျအစိုးရက ထောက်ပံ့ပေးမှုက အရပ်သားများတွေ့ကြုံနေသည့် ဘေးဒုက္ခများ လျော့ပါးစေရန် အထောက်အကူပြုပြီး အရေးပါသည့် အခြေခံအဆောက်အအုံနှင့် စိုက်ပျိုးမြေများအတွက် အန္တရာယ်ကင်းရှင်းစွာ သွားရောက်နိုင်မည်ဖြစ်သည်ဟု ဆိုသည်။

ကလပ်စတာဗုံးတွဲနှင့် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် လက်ဘနွန်နိုင်ငံတွင် အစ္စရေး-ဟစ်ဇ်ဘိုလာစစ်ပွဲအပြီး လူ ၂၉ဦး ထက်မနည်းသေဆုံးခဲ့သည်။ ၃၄ ရက်ကြာသည့် အဆိုပါ စစ်ပွဲအတွင်း အစ္စရေးစစ်ဘက်က လက်ဘနွန်တောင်ပိုင်းဒေသတွင် ကလပ်စတာဗုံးတွဲတစ်သန်းကြဲချခဲ့ပြီး ဗုံးတွဲ ၄၀ခန့်သည် မပေါက်ကွဲသေးဘဲ ပြန့်ကြဲလျက်ရှိကာ လက်ဘနွန်အရပ်သူ၊ အရပ်သားများအတွက် အန္တရာယ်တစ်ရပ်ဖြစ်နေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံတောင်ပိုင်း ဆာရီဒေသ မွေးမြူရေးခြံများရှိ နွားများတွင် နွားရူးရောဂါပိုး ရှိ၊ မရှိ စစ်ဆေးနေသည်ကို စက်တင်ဘာ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ရင်းနှီးမြှုပ်နှံစို့

မောင်အောင် (မွေး/ကု)

"ကိုကြီးအောင်ရေ" ပြီးခဲ့တဲ့အပတ်က သတင်းစာထဲမှာ ခင်ဗျားတို့ မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ မွေးမြူရေးဇုန်စီမံကိန်းတွေအကြောင်း ဖတ်ရတာ အတော်လေး အားရတယ်ဗျာ။ အထူးသဖြင့် အစိုးရအလုပ် တစ်သက်လုံး လုပ်လာခဲ့ပြီး ပင်စင်ယူခါနီးချိန်မှာ အဲဒီဆောင်းပါး ဖတ်လိုက်ရတာ အတော်လေး ဝမ်းသာသွားတယ်။ အားလည်း ရှိလာတယ်။ အဲဒါကြောင့် အသေးစိတ်ကလေးတွေ ထပ်ပြီးသိချင်လို့ ခင်ဗျားဆီထွက်လာခဲ့တာ။

တနင်္ဂနွေနေ့ ဖြစ်သဖြင့် နေပြည်တော်ရှိ စံပယ်အိမ်ရာတွင် အေးအေးဆေးဆေး အနားယူရင်း "နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒများ"ကို လေ့လာနေသည့် ကျွန်တော့်အား ကိုကြီးမောင်က ရောက်မဆိုက် မေးမြန်းလာပါသည်။

ကိုကြီးအောင်။ ရပါတယ်ဗျာ၊ ခင်ဗျားသိချင်တာတွေ ဖြေပေးရမှာပေါ့။ အမောလေးဖြေပြီး ရေနွေးကြမ်းကလေး သောက်ပါဦး။

ကိုကြီးမောင်။ သောက်ပါ့မယ်ဗျာ။ ကျွန်တော် သိချင်တာက အဲဒီဆောင်းပါးထဲမှာ နို့စားနွားမွေးမြူရေး၊ သိုး၊ ဆိတ်နဲ့ ကြက်၊ ဝက် မွေးမြူရေးတွေ ပါတယ်။ အဲဒီတော့ အဲဒီတိရစ္ဆာန်တွေ မွေးဖို့ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ကို ခင်ဗျားတို့ ဝန်ကြီးဌာနက ပေးမှာလား၊ ကိုယ့်ဘာသာ ရှာရမှာလား။ အဲဒါ သိချင်တယ်။

ကိုကြီးအောင်။ တိရစ္ဆာန်မျိုးတွေနဲ့ ပတ်သက်လို့ ကြက်နဲ့ဝက်ကို ကျွန်တော်တို့ ဝန်ကြီးဌာန မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းက မျိုးဖြန့် ပေးနေတယ်။ အသားစားကြက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနက မိဘမျိုးရိုး ကြက်ခြံတွေမှာ သုတေသနပြု ထုတ်လုပ်နေတာ အတော်လေး အောင်မြင်နေပြီ။ ဥစားကြက် ကတော့

မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူထားသော ဝက်မတစ်ကောင်မှ ဝက်ငယ် ၁၀ကောင် ပေါက်ဖွားသည်ကို ဤသို့တွေ့ရသည်။

ကျွန်တော်တို့ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းက တချို့ တစ်ဝက် ပေးနိုင်သလို ပုဂ္ဂလိက ကြက်ခြံတွေကလဲ ဖြန့်ပေးနိုင်ပါတယ်။ အရေးကြီးတာကတော့ ဘယ်ခြံကပဲ ဖြစ်ဖြစ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှာ မှတ်ပုံတင်ထားပြီး မျိုးတိရစ္ဆာန် ဖြန့်ဖြူးခွင့်လက်မှတ် ထုတ်ပေးထားတဲ့ မျိုးခြံဖြစ်ဖို့ပါပဲ။ အဲဒါမှ ကူးစက်ရောဂါ ကင်းရှင်းပြီး တရားဝင် ဖြန့်ဖြူးရောင်းချခွင့်ရမှာ ဖြစ်ပါတယ်။ နွားနဲ့ သိုး၊ ဆိတ်မျိုးကတော့ ကျွန်တော်တို့ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာ မျိုးကောင်းမျိုးသန့် မျိုးရည်ချောင်းတွေ ရှိပါတယ်။ အဲဒီ မျိုးရည်ချောင်းတွေနဲ့ မွေးမြူရေး လုပ်ငန်းရှင်တွေ မေထုန်မဲ့ သားစပ်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

ကိုကြီးမောင်။ အေးဗျာ၊ အဲဒါဆိုရင်တော့ ကောင်းပါတယ်။ အဲ-ဒါပေမယ့် မွေးမြူရေးက လွယ်မယောင်ယောင်နဲ့ ခက်တော့ ခက်တယ်ဗျာ၊ လူအတော်များများ တိရစ္ဆာန် တစ်ကောင်စ၊ နှစ်ကောင်စ မွေးမြူဖူးပေမယ့် စီးပွားဖြစ်ကျတော့ မမွေးဖူးဘူး။ အဲဒီတော့ နည်းပညာလိုတယ်။ အဲဒီနည်းပညာ ကျတော့ရော။

ကိုကြီးအောင်။ နည်းပညာအပိုင်းကို ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အနီးကပ် ကူညီဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ မြို့နယ် ၃၂၅ မြို့နယ်မှာ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းတွေ နိုင်ငံတော်က ခန့်အပ်ထားပါတယ်။ အဲဒီ ဝန်ထမ်းတွေက မွေးမြူလိုသူတွေကို နည်းပညာပိုင်း အနေနဲ့ ကူညီဖို့ အသင့်ပါ။

ကိုကြီးမောင်။ အဲဒါဆိုရင်တော့ ကောင်းပါလေ့ဗျာ။ ခင်ဗျားတို့ ဝန်ကြီးဌာနက မွေးမြူရေး လုပ်ချင်သူတွေအတွက် မွေးမြူရေး ဇုန်တွေ ဖော်ထုတ်ပေးတယ်၊ မျိုးကောင်း မျိုးသန့် တိရစ္ဆာန်တွေရအောင် စီစဉ်ပေးတယ်၊ ပြီးတော့ နည်းပညာပိုင်းမှာလဲ ကူညီတယ်ဆိုတော့ အတိုင်းထက် အလွန်ပေါ့။ ဒါပေမယ့် ကျွန်တော် စဉ်းစားမိတာက "တစ်တက်စားလဲ ကြက်သွန်၊ နှစ်တက်စားလဲ ကြက်သွန်" ဆိုလိုတာက တစ်ကောင် နှစ်ကောင်၊ တစ်ရာနှစ်ရာ မွေးလို့တော့ အကျိုးအမြတ်က နည်းတယ်ဗျ။ အဲဒီတော့ များများမွေးဖို့ လိုတယ်။ များများမွေးဖို့က အရင်းအနှီး ရှိရင်တော့ မထောင်းတာပါဘူး။ အရင်းအနှီးမရှိရင် ဘယ်လိုလုပ်မလဲ။ အရင်းအနှီးအတွက်ရော ခင်ဗျားတို့ ဝန်ကြီးဌာနက ဘာလုပ်ပေးသေးလဲ၊ အားတော့နာပါတယ်ဗျာ၊ ငွေလေး ဘာလေး ချေးမပေးဘူးလား။

ကိုကြီးအောင်။ ငွေချေးပေးတဲ့ကိစ္စ ခင်ဗျား မေးမှ မေးပါ့မလားလို့ ကျွန်တော်က တွေးပူနေတာ။ ကျွန်တော်ထင်တဲ့အတိုင်း ခင်ဗျားမေးလာတာပဲ။ ကျွန်တော်တို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန သားငါးကဏ္ဍနဲ့ ပတ်သက်ပြီး နိုင်ငံတော် အကြီးအကဲက လမ်းညွှန်ချက် သုံးချက် ချမှတ်ထားတယ်။ အဲဒါကတော့

- **သားငါး မျိုးကောင်းမျိုးသန့်များကို တိုးတက်ဖြန့်ဖြူးရန်၊**
- **ပုစွန်မွေးမြူရေးလုပ်ငန်း တိုးတက်အောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့်**
- **ကျေးလက်ဒေသမွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ ဇောက်ချဆောင်ရွက်ရန်**တို့ ဖြစ်ပါတယ်။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိတ္ထီလာမြို့နယ် တောမကျေးရွာ နို့စားနွားမွေးမြူရေးခြံမှ ဖရီရှန်စပ် နို့စားနွားမများ။

အဲဒီတော့ နိုင်ငံတော်အကြီးအကဲရဲ့ အဲဒီလမ်းညွှန်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနက မူဝါဒရည်မှန်းချက်တွေ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်တဲ့အပြင် ငါးနှစ်စီမံကိန်း ရည်မှန်းချက်တွေလဲ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ အဓိက ရည်မှန်းချက်တွေကတော့ **သား ငါးထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့၊ ပြည်တွင်း၌ သားငါးစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့၍ နိုင်ငံခြားသုံးငွေ တိုးတက်ရာဖွေဖို့၊ သားငါးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့နဲ့ သားငါး ထုတ်လုပ်သူတွေရဲ့ လူမှုစီးပွားရေး အဆင့် မြှင့်တင်ပေးဖို့** ဖြစ်ပါတယ်။ အဲဒီလို မွေးမြူရေးလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကို ၁၉၉၆ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဘဏ် စတင်ဖွင့်လှစ်ချိန်ကနေ ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်အထိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ကြပ်မတ်ကွပ်ကဲခဲ့ပြီး ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ပြီး ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနကတာဝန်ယူကြပ်မတ်ခဲ့ပါတယ်။

ကိုကြီးမောင်။ ခင်ဗျား ဘဏ်အကြောင်း နိဒါန်းကလဲ တယ်ပြီးပြည့်စုံပါ့ဗျာ။ ဒါပေမယ့် ကျွန်တော်သိချင်တဲ့ ငွေချေးတဲ့ အကြောင်းလေး ပြောပါဦး။

ကိုကြီးအောင်။ ပြောပါ့မယ်ဗျာ၊ သမိုင်းကြောင်းလေး သိထားတော့ ခင်ဗျားအတွက် ပိုပြီး ကောင်းတာပေါ့ဗျာ။ ကျွန်တော်တို့ ဘဏ်ရဲ့ မတည်ရင်းနှီးငွေက ကျပ်သိန်းပေါင်း ၅၀၀၀၀ ဖြစ်ပြီး အစုရှယ်ယာတစ်ခုကို ကျပ်ငါးသိန်းနဲ့ အစုရှယ်ယာပေါင်း ၁၀၀၀၀ သတ်မှတ်ထားတယ်ဗျ။ ဘဏ်ရုံးချုပ် အပါအဝင် ဘဏ်ခွဲ ၁၈ ခုကို မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတဲ့ မြို့နယ်တွေမှာ ဖွင့်လှစ်ပေးထားတယ်။ အဲဒီ ဘဏ်တွေက တစ်ဆင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လိုသူတွေကို ဘဏ်ရဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ငွေထုတ်ချေးပေးတယ်။

ကိုကြီးမောင်။ ဟိုတလောက သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ ချင်းပြည်နယ် နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ဖို့ကို ခင်ဗျားတို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က ငွေချေးပေးတာလား။ ဒီပြင်ကော ဘယ်လုပ်ငန်းတွေမှာ ချေးပေးသေးလဲ။

ကိုကြီးအောင်။ ဟုတ်တာပေါ့ဗျာ။ ချင်းပြည်နယ်မှာ နွားနောက်မွေးမြူရေး လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ပြီး ချင်းတိုင်းရင်းသားတွေရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်က ၂၀၀၃ခုနှစ် စက်တင်ဘာလမှာ ငွေကျပ်သိန်း ၁၀၀၀ ချေးပေးခဲ့တယ်။ သုံးနှစ်ကာလ ချေးပေးတာ ဖြစ်ပြီး အခုတော့ ပြန်ဆပ်ပြီးကြလို့ ၂၀၀၆ခုနှစ်ထဲမှာ ငွေကျပ်သိန်း ၅၀၀ ထပ်ပြီး ထုတ်ချေးပေးခဲ့တယ်။ ဒါ့အပြင် ချင်းပြည်နယ်မှာရှိတဲ့ ဌာနဆိုင်ရာတွေ အတွက်လဲ ငွေကျပ်သိန်း၁၀၀ အရင်းမပျောက် မတည်ငွေအဖြစ် ထုတ်ပေးခဲ့ပါတယ်။ ချေးပေးရကျိုးနပ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ငွေ စတင်ချေးပေးစ နွားနောက်ကောင်ရေဟာ ၁၈၈၈ကောင်သာရှိပြီး ၂၀၀၇ခုနှစ် မတ်လကုန်အထိ ၄၃၁၄ ကောင်အထိ တိုးပွားလာခဲ့ပါတယ်။ ချင်းပြည်နယ်မှာ နွားနောက်မွေးမြူရေးအတွက် ငွေချေးပေးခဲ့သလို ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်နဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့☆

ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း အိန္ဒိယ သမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး General Officer Commanding, GOC. 3 Corps, Lieutenant General, MS. Dadwal, AVSM,VSM အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အိန္ဒိယတပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၅

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး General Officer Commanding,GOC.3 Corps, Lieutenant General,. MS Dadwal, AVSM, VSM နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးလည်ပတ်ပြီးနောက် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel, Manoj Mukund Narvane နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဝန်ကြီးဦးဉာဏ်ဝင်း ကျူးဘားနိုင်ငံသို့ထွက်ခွာ ပူးတွဲကော်မရှင် အစည်းအဝေးတက်ရောက်မည်

နေပြည်တော် စက်တင်ဘာ ၁၅

ကျူးဘားနိုင်ငံ-နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန ဝန်ကြီးမစ္စတာ မာတာလိုမတ်စ်မိုရယ်လ်စ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ရက်တို့တွင် ကျင်းပမည့် မြန်မာ-ကျူးဘားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာပူးတွဲကော်မရှင် ဝန်ကြီးများအဆင့် ဒုတိယအကြိမ် အစည်းအဝေးသို့တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

လိုက်ပါ

ဝန်ကြီးဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဘကြူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းတို့ လိုက်ပါသွားကြသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် မြန်မာ-ကျူးဘားနှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် ဝန်ကြီးများအဆင့် ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်ပြီးနောက် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် နယူးယောက်မြို့သို့ စက်တင်ဘာ ၁၉ရက်တွင် ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

(သတင်းစဉ်)

ပရမတ္ထဓမ္မာရုံဖွင့်ပွဲနှင့် အဓိဋ္ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင်(၅)ရပ်ကွက်တွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအဖွဲ့(သန့်-တည်-ပွား)၏ မြင့်မြတ်အလင်းရိပ်သာ၊ ပရမတ္ထဓမ္မာရုံ ဖွင့်ပွဲနှင့် (၂၄)ကြိမ်မြောက် အဓိဋ္ဌာန်တရားစခန်းဖွင့်ပွဲကို စက်တင်ဘာ ၉ရက် နံနက်၉နာရီခွဲတွင် ကျင်းပရာ ဆရာဦးမြင့်လွင်နှင့် ယောဂီ ၃၀၀ခန့် တက်ရောက်ကြသည်။

(၂၅)ကြိမ်မြောက်ကိုးရက်အဓိဋ္ဌာန်တရားစခန်းကို စက်တင်ဘာ ၂၁ရက်မှစ၍ ရွှေတိဂုံစေတီတော် အရှေ့ဘက်၊ အမှတ်(၁၅) ကြားတောရလမ်း၊ တိပိဋကဓမ္မရက္ခိတဗိမာန်တော်၌ ပြုလုပ်မည်ဖြစ်ရာ စခန်းဝင်လိုသူများ ရုံးအဖွဲ့ ဖုန်းအမှတ် ၀၁-၃၈၂၁၁၁၊ ၇၂၇၂၂၃ သို့ ကြိုတင်ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(က-ပ)

သန်လျင်စည်ပင် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆားရောင်းချမှု ရှိ၊ မရှိ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၅

အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ် အကြိုလှုပ်ရှားမှုအဖြစ် သန်လျင်မြို့ မြို့မဈေးကြီးအတွင်း/အပြင်ရှိဆိုင်များတွင် အိုင်အိုဒင်းဆား ရောင်းချမှု ရှိမရှိနှင့် ရောင်းချနေသော ဆားများတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု အရည်အသွေး စစ်ဆေးခြင်းတို့ကို စက်တင်ဘာ ၁၂ ရက်ကဆောင်ရွက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အသင်းဝင်များ၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ရီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂) ဦးဇော်မျိုးထွန်းနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးအောင်နှင့်အဖွဲ့ဝင်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (မြို့နယ်စည်ပင်)

★ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

မာန်အောင်မြို့နယ်တွေမှာ နွားမွေးမြူရေးအတွက် ငွေကျပ်သိန်း ၂၅၀စီ၊ ခန္တီးခရိုင် နွားနောက်မွေးမြူရေးအတွက် ငွေကျပ် သိန်း ၁၂၀၊ မကွေးတိုင်း မြိုင်မြို့နယ် ဆိတ်မွေးမြူရေးအတွက် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်က ငွေကျပ်သိန်း ၃၅၀နဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သိန်း ၇၀၀၊ စစ်ကိုင်းတိုင်းမှ ကြက်မွေးမြူသူ ၇၀ အတွက် ပထမအကြိမ် ချေးငွေ ကျပ်သိန်း ၅၀၀နှင့် မွေးမြူသူ ၁၁၉ဦး ထပ်မံချေးငွေ ကျပ်၅၄၅သိန်း၊ မကွေးတိုင်းမှ မွေးမြူရေးလုပ်ငန်းရှင်များအတွက် ငွေကျပ်သိန်း ၂၅၀၀ အပါအဝင် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်မှာ သားငါးထုတ်လုပ်မှုလုပ်ငန်းအတွက် ငွေကျပ်၃၂၈၉၉၄ သိန်း ထုတ်ချေးပေးခဲ့ပါတယ်။

ကိုကြီးမောင်။ အေးဗျာ။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနရဲ့ သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ထုတ်ချေးပေးတဲ့ ငွေကတော့ အားရစရာပါပဲ။ ဒါနဲ့ အတိုးနှုန်းကရော ဘယ်လောက်လဲ။ ကျန်တဲ့ မြန်မာ့စီးပွားရေးဘဏ်တွေနဲ့ အတူတူပဲလား။

ကိုကြီးအောင်။ အတူတူပဲပေါ့ဗျာ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ ချေးငွေအတိုးနှုန်းအတိုင်းပါပဲ။ တစ်နှစ်ကို ၁၇ရာခိုင်နှုန်း ဖြစ်ပါတယ်။

ကိုကြီးမောင်။ မွေးမြူရေးလုပ်ငန်းလုပ်ဖို့ ငွေချေး ချင်ရင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ အဓိကအချက်ကလေးလဲ ပြောစမ်းပါဦး။

ကိုကြီးအောင်။ မွေးမြူရေးလုပ်ငန်းလုပ်ဖို့ ငွေချေးမယ်ဆိုရင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် သက်ဆိုင်ရာ မြို့နယ်မှာ အဖွဲ့ဝင်ဖြစ်ဖို့လိုတယ်။ ကိုယ်မွေးမယ့် တိရစ္ဆာန် အမျိုးအစားကောင်ရေ၊ လက်ရှိရင်းနှီးမြှုပ်နှံထားမှုတွေကို ဖော်ပြပြီး တိုးချဲ့မွေးမြူမယ့် ကောင်ရေနဲ့လိုအပ်ငွေကို တင်ပြတောင်းခံဖို့ လိုပါတယ်။ အဲဒီလျှောက်လွှာမှာ မြို့နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထောက်ခံဖို့လိုပါတယ်။ မြို့နယ်၊ ခရိုင်၊ တိုင်း အဆင့်ဆင့် ထောက်ခံပြီး တင်ပြတာကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးက စိစစ်ပြီး ထောက်ခံပေးပါတယ်။ အဲဒီလျှောက်လွှာနှင့်အတူအာမခံတင်ပြတဲ့ မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်း၊ တန်ဖိုးတွေကို ဘဏ်ရုံးချုပ်က လုပ်နည်းလုပ်ဟန်တွေ အတိုင်းစစ်ဆေးပြီးရင် ငွေထုတ်ချေးပေးပါတယ်။ နေပြည်တော်မှာကျင်းပတဲ့ ပြီးခဲ့တဲ့ လေးလပတ်အစည်းအဝေးမှာ ဝန်ကြီးက သိုး၊ ဆိတ်မွေးမြူ ရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းတွေမှာ တစ်တိုင်းကို သိန်း ၅၀၀၀ စီ ချေးပေးမည့်အကြောင်း၊ မွေးမြူလိုသူတွေ စည်းရုံးဆက်သွယ်ပေးဖို့ ပြည်နယ်၊ တိုင်းဦးစီးမှူးတွေကို မှာလိုက်သေးတယ်။ အလွယ်ဆုံးကတော့ ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနဲ့သာ ဆက်သွယ်ပါ၊ အားလုံးကူညီပေးပါ့မယ်။ အဲဒီတော့ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ကို ကျွန်တော့်အနေနဲ့ **"တကယ်ဖြစ်ချင် တကယ်မွေး အဟုတ်ချေးပေးမယ်"** လို့ပဲ ပြောလိုက်ချင်တယ်ဗျာ။

ကျွန်တော့်စကားကြောင့် ကိုကြီးမောင်တစ်ယောက် ကျွန်တော့်ကို ပြုံး၍ကြည့်နေပါသည်။ သူ့စိတ်ထဲတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးပြီး မွေးမြူရေး လုပ်ငန်းများ မကြာမီ ဆောင်ရွက်တော့မည်ကို သိနေပါသည်။ ။

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စုအတွင်းရှိ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်း တိုးချဲ့ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို စက်တင်ဘာ ၁၁ ရက်က သီဟသုဓမ္မ မဏိဇောတဓရ နတ်ရေကန် ဦးတင်မောင်ထွေးက ရွှေပျောက်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးတင်လတ်ရီထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၉-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။ မြဝတီအဖွင့်
၁၂း၀၅	၂။ အဖွင့်သီချင်း
၁၂း၁၀	၃။ မျိုးချစ်တပ်မတော်
၁၂း၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ရင်နှစ်သည်းချာ**
၁း၅၀	၆။ အမျိုးသားရေးတေးကဗျာ
၁း၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၂၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၄။ အမျိုးသားရေးတေးကဗျာ
၄း၃၅	၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅	၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။ နိုင်ငံတကာသတင်း
၆း၂၀	၁၀။ အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၁။ လှျပ်တစ်ပြက်ရိုက်ချက်
၆း၄၅	၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၂၂)**
၈း၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ မိုးလေဝသသတင်း
	၁၆။ အမျိုးသားရေးတေးကဗျာ
	၁၇။ ပဟေဠိနန်းတော်
	၁၈။ ကျန်းမာသုတ
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒဏ္ဍာရီနှင့်နှလုံးသား (အပိုင်း-၁)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

မြန်မာအားကစားပရိသတ် တစ်ခဲနက် လာရောက်အားပေးကြသဖြင့် သုဝဏ္ဏဘောလုံးကွင်း လေးဖက်လေးတန်ပြည့်လျှံ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးသမားများ အနိုင်မခံ၊ အရှုံးမပေး ဇွဲစိတ်ဓာတ်အားမာန် ထက်သန်မှုကြောင့် ဗိုလ်စွဲခဲ့

မြန်မာအမျိုးသမီး ဘောလုံးအသင်း အနိုင်ရ ဗိုလ်စွဲစေရန် မြန်မာဘောလုံးချစ်ပရိသတ်များက ဤသို့ တစ်ခဲနက် ကွင်းလုံးပြည့် အားပေးခဲ့ကြသည်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

❍ ရှေ့ဖုံးမှ

ယနေ့ပွဲသို့ မြန်မာအားကစားပရိသတ် တစ်ခဲနက် လာရောက်အားပေးကြသဖြင့် သုဝဏ္ဏဘောလုံးကွင်း လေးဖက်လေးတန် ပြည့်လျှံသွားသည်။

ပရိသတ်၏ တစ်ခဲနက် အားပေးမှုနှင့်အတူ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးသမားများ၏ အနိုင်မခံ အရှုံးမပေး အားကစားစိတ်ဓာတ် အပြည့်အဝနှင့် ဇွဲစိတ်ဓာတ်အားမာန် ထက်သန်မှုတို့ကြောင့် ထိုင်းအမျိုးသမီးအသင်းကို အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အာဆီယံဆုဖလားကို ထိုက်ထိုက်တန်တန် ရယူဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များက သက်သေပြလျက်ရှိသည်။

မြန်မာအမျိုးသမီး အသင်းသည် အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာ ပထမပွဲ၌ စင်ကာပူအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဒုတိယပွဲ၌ လာအိုအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ တတိယပွဲ၌ ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ယူကာ သွင်းဂိုး ၁၁ဂိုး၊ ပေးဂိုးမရှိဖြင့် အုပ်စုပထမရကာ အကြိုဗိုလ်လုပွဲ သို့ တက်ခဲ့ခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲတွင်လည်း မလေးရှားအသင်းကို ခြေအသာ၊ ဂိုးအသာ ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုမှ အကြိုဗိုလ်လုပွဲအထိ လေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ သွင်းဂိုး ၁၆ ဂိုးရှိပြီး ပေးဂိုး လုံးဝ မရှိခဲ့သည်ကို တွေ့ရသည်။

ဗိုလ်လုပွဲတွင် မြန်မာနှင့်ထိုင်းတို့ အကြိတ်အနယ် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားခဲ့ကြရာ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်သဖြင့် အချိန်ပို မိနစ် ၃၀ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။

အချိန်ပို မိနစ် ၃၀ တွင် တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီ သရေဖြစ်၍ ပယ်နယ်တီ ငါးလုံးစီ ကန်သွင်းခဲ့ကြရသည်။ ပယ်နယ်တီကန်သွင်းရာတွင် မြန်မာအသင်းက လေးဂိုးဝင်ပြီး ထိုင်းအသင်းက တစ်ဂိုးသာဝင်၍ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ အာဆီယံ တံခွန်စိုက်ဖလားကြီးကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးရရှိခဲ့သည်။

ဗိုလ်လုပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့လက်ရွေးစင်အသင်း ငါးဂိုး

(ခင်မိုးဝေ၊ မိုးမိုးဝါ၊ သန်းသန်းထွေး၊ ခင်မာလာထွန်းနှင့် စန်းစန်းသိန်း-တစ်ဂိုးစီ)

ထိုင်းလက်ရွေးစင်အသင်း နှစ်ဂိုး

(နံပါတ်-၁၃ ပစ်ဆာမိုင်နှင့် နံပါတ်-၈ ဂျန်ပင်)

ဒိုင်လူကြီး Rita Gani (မလေးရှား)

မြန်မာ အမျိုးသမီးအသင်းသည် ကွင်းလုံးပြည့် ပရိသတ်များ၏ အားပေးမှုနှင့်အတူ ထိုင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ အာဆီယံချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိသွားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယနေ့ပွဲတွင် ခြေစွမ်းပြ ကစားသွားပြီး မိမိကွင်း၊ မိမိပရိသတ် ရှေ့မှောက်တွင် ထိုက်ထိုက်တန်တန် အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းဖြစ်ကာ အမိနိုင်ငံတော်အလံကို ဂွားဂွားစွင့်စွင့် လွှင့်ထူနိုင်ခဲ့ကြသည်။

မြန်မာအမျိုးသမီးအသင်းမှာ ထိုင်းအသင်းကို အနိုင်ရ ဗိုလ်စွဲပြီးနောက်ပိုင်းမှာ "မြန်မာနိုင်ပြီ၊ ဒို့မြန်မာနိုင်ပြီ" တေးသီချင်းသံမှာလည်း သုဝဏ္ဏကွင်းထက်တွင် ဘဝင်ညံသွားပြီး နှစ်သောင်းကျော်သော မြန်မာဘောလုံးပရိသတ်၏ အောင်ပွဲခံအသံမှာလည်း

မြန်မာအသင်းမှ အေးနန္ဒာလှိုင်နှင့် မြင့်မြင့်အေးတို့ အနိုင်ရ ဗိုလ်စွဲအပြီး နိုင်ငံတော်အလံနှင့်အတူ အောင်ပွဲခံနေစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာအမျိုးသမီးဘောလုံးအသင်း အနိုင်ရဗိုလ်စွဲစေရန် မြန်မာဘောလုံးချစ် ပရိသတ်များက ဤသို့ တစ်ခဲနက် အားပေးခဲ့ကြသည်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အာဆီယံဆုဖလားကို ထိုက်ထိုက်တန်တန် ရယူဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်း ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်များက သက်သေပြလျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ် သုံးပွဲကစားခဲ့ရာ ပထမပွဲ၌ စင်ကာပူအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဒုတိယပွဲ၌ လာအိုအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ တတိယပွဲ၌ ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ယူကာ သွင်းဂိုး ၁၁ ဂိုး၊ ပေးဂိုးမရှိဖြင့် အုပ်စုပထမရကာ အကြိုဗိုလ်လုပွဲသို့ တက်ခဲ့ခြင်းဖြစ်သည်။

အကြိုဗိုလ်လုပွဲတွင်လည်း မလေးရှားအသင်းကို ခြေအသာ၊ ဂိုးအသာ ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုမှ အကြိုဗိုလ်လုပွဲအထိ လေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ သွင်းဂိုး ၁၆ ဂိုးရှိပြီး ပေးဂိုး လုံးဝမရှိခဲ့သည်ကို တွေ့ရသည်။

ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာ့လက်ရွေးစင်အသင်း ငါးဂိုး
(ခင်မိုးဝေ၊ မိုးမိုးဝါ၊ သန်းသန်းထွေး၊ ခင်မာလာထွန်းနှင့် စန်းစန်းသိန်း–တစ်ဂိုးစီ)
ထိုင်းလက်ရွေးစင်အသင်း နှစ်ဂိုး
(နံပါတ်–၁၃ ပစ်ဆာမိုင်နှင့် နံပါတ်–၈ ဂျန်ပင်)
ဒိုင်လူကြီး Rita Gani (မလေးရှား)

မြန်မာ အမျိုးသမီးအသင်းသည် ကွင်းလုံးပြည့် ပရိသတ်များ၏ အားပေးမှုနှင့်အတူ ထိုင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ အာဆီယံချန်ပီယံဆုဖလားကို ဆွတ်ခူးရရှိသွားခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယနေ့ပွဲတွင် ခြေစွမ်းပြ ကစားသွားပြီး မိမိကွင်း၊ မိမိပရိသတ် ရှေ့မှောက်တွင် ထိုက်ထိုက်တန်တန် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်ကာ အမိနိုင်ငံတော်အလံကို ဂုဏ်ယူစွာ ငွားငွားစွင့်စွင့် လွှင့်ထူနိုင်ခဲ့ကြသည်။

မြန်မာအမျိုးသမီးအသင်းမှာ ထိုင်းအသင်းကို အနိုင်ရ ဗိုလ်စွဲပြီးနောက်ပိုင်းမှာ "မြန်မာနိုင်ပြီ၊ ဒို့မြန်မာနိုင်ပြီ" တေးသီချင်းသံမှာလည်း သုဝဏ္ဏကွင်းထက်တွင် ဘဝဂ်ညံသွားပြီး နှစ်သောင်းကျော်သော မြန်မာဘောလုံးပရိသတ်၏ အောင်ပွဲခံအသံမှာလည်း ပွဲတင်ထပ်ခဲ့သည်။ မြန်မာနှင့် ထိုင်းအသင်းတို့၏ဗိုလ်လုပွဲကို မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက်အားပေးကြရာ အထူးတန်းနှင့် အရှေ့ဘက်တန်းတို့တွင် ပြည့်လျှံသွားပြီး တောင်ဘက်နှင့် မြောက်ဘက်တန်းတို့တွင်လည်း ပရိသတ်ပြည့်လုနီးပါးဖြစ်သွားရသည်။ မြန်မာဘောလုံးပရိသတ်များသည် အိုးစည်ဗုံမောင်းများ တီးမှုတ်၍ လည်းကောင်း၊ နိုင်ငံတော်အလံများ ဝှေ့ယမ်း၍လည်းကောင်း၊ "ချန်ပီယံမြန်မာ"စာတန်းများ ကိုင်မြှောက်၍လည်းကောင်း အထူးအားပေးခဲ့ကြသည်ကို တွေ့ရသည်။

မြန်မာ အမျိုးသမီးအသင်းသည် ပွဲချိန်ပြည့် တစ်ခဲနက် အားပေးကြသော ပရိသတ်တို့၏ အားပေးသံနှင့်အတူ ထိုင်းအသင်းကို ဖိကစားခဲ့ရာ ထိုင်းအသင်း စိုးရိမ်စိတ်ဖြင့် စိတ်လှုပ်ရှားခဲ့ရသည်။ ထိုင်းအသင်းကနည်းစနစ်၊ ကျွမ်းကျင်မှုအရ အနည်းငယ် သာလွန်သော်လည်း မြန်မာ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

ချန်ပီယံမြန်မာအသင်းအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

အသင်းက စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု ပြည့်ဝခြင်းတို့နှင့်အတူ ပရိသတ်တို့၏ တစ်ခဲနက် အားပေးမှုတို့ဖြင့် ပေါင်းစပ်လိုက်သဖြင့် ယခုကဲ့သို့ အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းရော ထိုင်းအသင်းပါ အကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက်များကို ဂိုးပြတ် အနိုင်ရရှိခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်ခဲ့ကြသည်။ ပွဲအစပိုင်းတွင် မြန်မာအသင်းကစားကွက် တည်မရဖြစ်နေသေး၍ ထိုင်းအသင်း ပိုမိုဖိကစားနိုင်ခဲ့သည်။ သို့သော်ပရိသတ်တို့၏ အင်နှင့်အားနှင့် အားပေးမှုကြောင့် စိတ်ဓာတ်တက်ကြွလျက်ရှိသော မြန်မာအမျိုးသမီးအသင်း၏ နောက်တန်းနှင့် ဂိုးသမားတို့မှာ ထိုင်းတိုက်စစ်ကို ကြံ့ကြံ့ခံ ကာကွယ်ဖျက်ထုတ်နိုင်ခဲ့ကြသည်။ ထိုင်းအသင်းမှာ နေရာစုံမှ တိုက်စစ်ဆင်ကစားသော်လည်း မြန်မာကစားသမားများက တစ်ဦးချင်းထိန်းကပ်ကစားနိုင်ခဲ့၍ အခက်တွေ့ခဲ့ရသည်။ ပရိသတ်တို့၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းမှာ ကစားကွက် မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ထိုင်းအသင်းဘက်သို့ ပြန်လည်ဖိကစားလာသည်။ ၁၅ မိနစ်တွင် ဘယ်တောင်ပံမှ မြင့်မြင့်အေး ကန်တင်ပေးသောဘောလုံးကို အေးနန္ဒာလှိုင် ပိတ်သော်လည်း ထိုင်းဂိုးသမား ကာကွယ်လိုက်နိုင်၍ မြန်မာအသင်း တစ်ဂိုးနစ်နာခဲ့ရသည်။

ထို့နောက်ပိုင်းတွင် ပွဲမှာ အကြိတ်အနယ်ရှိလာပြီး ၂၉မိနစ်တွင် ထိုင်းအသင်းခေါင်းဆောင် ဆူရာပွန် အဝေးမှကန်သွင်းရာ ဘားထိ ထွက်သွားခဲ့သည်။ မိနစ် ၃၀တွင် မြန်မာအသင်းမှ တိုက်စစ်မှူး ဇင်မာဝမ်းအစား မာဂရက်မေရီကို ထည့်ကာ တိုက်စစ်အား မြှင့်တင်ခဲ့သည်။

ဒုတိယပိုင်းတွင် ပရိသတ်အားပေးမှုမှာ အထူးမြင့်မားလာသလို မြန်မာအသင်း၏ ကစားပုံမှာလည်း ပထမပိုင်းကထက် ပိုကောင်းလာပြီး ထိုင်းနောက်တန်းကို ပိုမိုထိုးဖောက် ခြိမ်းခြောက်လာနိုင်သည်။ မြန်မာအသင်းမှာ တိုက်စစ်အရှိန်မြှင့်၍ တရစပ်ဖိကစားလာရာ ထိုင်းအသင်း ခံစစ်ကိုသာ အားပြုကစားနေရသည်။ ၁၅ မိနစ်တွင် မြင့်မြင့်အေးအစား စုစုဝေ၊ မိနစ် ၂၀ တွင် မိုင်နီလာထွေးအစား ခင်မိုးဝေတို့ကို ထည့်ကာ ကစားအားမြှင့်တင်လာခဲ့သည်။ ပွဲပြီးခါနီးတစ်မိနစ်အလိုတွင် ဘယ်ခြမ်းမှ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

ထိုင်းတိုက်စစ်မှူးများ၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို မြန်မာနောက်ခံလူများနှင့် ဂိုးသမား မေခင်ယမင်းတို့ ကာကွယ်စဉ်။
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

အောင်ပွဲရ မြန်မာအမျိုးသမီးအသင်း တစ်ခဲနက်အားပေးသူ ပရိသတ်များအား ဂါရဝပြုအောင်ပွဲခံစဉ်။ ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)

မြန်မာ့အောင်ပွဲ

❍ ကညာအလှ
နံ့သာမသဘဲ
မြန်မာမတို့ လာပြီနော်–––။

❍ အရေးတယူ အလေးမူစရာပါ့
မနှေးအတူ ဖေးကူ အပေးအယူမျှစွာနဲ့
ကျွမ်းလှသဗျာ ကန်ပုံကနိပ်ပါလို့
အတို့အဆိတ်ရယ် အလိမ်အခေါက်တွေနဲ့
ဗျူဟာမြောက် အကွက်ဆင်တဲ့ အပြင်
အထွက်အဝင် သေသပ်ပါဘိ
တရစပ် တိုက်စစ်ဖော်––။

❍ သူလည်းလူ
ကိုယ်လည်းလူ ဇမ္ဗူတစ်လွှားမှာဖြင့်
လူချင်းတူ ဗိုလ်မထားပါဘူ
ပျို့အားမှာ အောင်စိတ်သွင်းတဲ့ကာ
နောင်မယွင်း ဆောင်ကြဉ်း အောင်အသင်းကမ္ဘာဝေဖို့
မြန်မာမေ ရွှေလမ်းမပေါ်က
ခြေစွမ်းတဲ့ ပြသနော်
တော်ပါပေ့ အမျိုး–––––။

❍ နည်းပြနဲ့ ဆရာအဆူဆူ
အစိုးရနဲ့ ပြည်သူက
အချိုးကျ အတူတူကူလျက်
ကြည်ဖြူစွာ ညီတူထောက်ကာနှင့်
စောင့်ရှောက်တာ အပြိုင်အဆိုင်ကြောင့်
ကြံ့ကြံ့ခိုင် ပိုင်နိုင်ခဲ့ပြီမို့
ပန်းတိုင်ဆီ လှမ်းကိုင်မည် စွမ်းနိုင်ပြီ မာန်တင်းလျက်
အမှန်မယွင်း ထန်ပြင်း စံကင်းမဲ့အောင်
(ဟေ့) ကန်သွင်းတဲ့ "ဂိုး" ။ ။

မင်းယဉ်စု



ယံဆုဖလားကို ထိုက်ထိုက်တန်တန်
ဉ်များက သက်သေပြလျက်ရှိသည်။
းပွဲကစားခဲ့ရာ ပထမပွဲ၌ စင်ကာပူ
ကို ခုနစ်ဂိုး–ဂိုးမရှိ၊ တတိယပွဲ၌
သွင်းဂိုး ၁၁ ဂိုး၊ ပေးဂိုးမရှိဖြင့်
သည်။
ခြေအသာ၊ ဂိုးအသာ ငါးဂိုး–
မြန်မာအမျိုးသမီးအသင်းသည်
ရာ သွင်းဂိုး ၁၆ ဂိုးရှိပြီး ပေးဂိုး

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၅

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Standing Committee of Jilin Provincial People's Congress P.R.China မှ Deputy-Chairman, Mr. Yang Qingcai ဦးဆောင်သော အဖွဲ့သည် စက်တင်ဘာ ၁၃ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဝန်ကြီးနှင့်အတူ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန် ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေအားလျှပ်စစ် ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံး ကျွတ် အစည်းအဝေး(၂၀၀၇) အခမ်း အနားကို စက်တင်ဘာ ၉ရက် နံနက် ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် နာနတ်တောလမ်းရှိ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံ ပညာ အထက်တန်းကျောင်း ရွှေညီလာ ခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော် ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၆- ၂၀၀၇ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် အသင်းဝင် ကျောင်း သား၊ ကျောင်းသူများကို ဂုဏ်ပြု ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် Gon Kul ဖောင်ဒေးရှင်းကုမ္ပဏီမှ လှူဒါန်းသည့် Computer Printer တစ်စုံနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လှူဒါန်းငွေကျပ်ငါးသိန်းကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေး အပ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင် နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် အသင်းဝင် ကျောင်းသား၊ ကျောင်းသူ သုံးဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့် သည်။

ပေးအပ်

ထို့နောက် တာဝန်ရှိသူများက အလှူရှင်များထံမှ အလှူငွေများကို လက်ခံပြီး ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သွေးလှူရှင်များအား ဂုဏ်ပြုဆုများချီးမြှင့်ကာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ထောက်ပံ့ပေး အပ်သော အသင်းဝတ်စုံများကို လက်ခံ ကြပြီးအလှူရှင်များအား ဂုဏ်ပြုမှတ် တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကျင်းပ

ယင်းနောက် နှစ်ပတ်လည်သင်းလုံး ကျွတ် အစည်းအဝေး (၂၀၀၇) ကို ဆက်လက် ကျင်းပကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် (၇၀) တက္ကသိုလ်ရိပ်သာလမ်း ရှိ အင်းလျားဝေဠုဝန် ပရိယတ္တိစာ သင်တိုက်အတွင်း ဆောက်လုပ်လျက် ရှိသော ပင်မသုံးထပ်ကျောင်းဆောင် ကြီးအတွက် ကမာရွတ်မြို့နယ် စိမ်းလဲ့ကန်သာ အိမ်တော်ဝင်းနေ ဦးလှလင်း-ဒေါ်လှခင် မိသားစုတို့က ငွေကျပ် တစ်သိန်းတစ်သောင်းကို နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုး တော်ဆောင်ချုပ်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံရေစက် ချတရားနာယူပြီး ကျောင်းဖြစ်မြောက် ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ် အတွက် ပုသိမ်မြို့ နှစ်ကျိပ်ရှစ်ဆူလမ်းနေ ဒေါ်မြင့်မြင့်စော၊ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်သန်းသန်းစိုး ညီမတစ်စုက ကွယ်လွန်သူ ဖခင် ဦးခင်ညွှန့်၊ မိခင် ဒေါ်သန်းရွှေတို့ကို ရည်စူးလျက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ အကျိုးတော် ဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြု မှတ်တမ်းချီးမြှင့်တော်မူစဉ်။

(က-ပ)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနက တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၅

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သင်ကြားစီမံဆရာတော် များနှင့် စာသင်သံဃာတော် ၄၁၃ ပါးတို့အား ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနက တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတို့ကို စက်တင်ဘာ ၁၄ ရက်နံနက် ၁၀ နာရီ တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများက လှူဖွယ် ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တစ်နေ့တာ ဆွမ်းအလှူ ငွေကျပ် နှစ်သိန်း ငါးသောင်းကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်ပ ဆက်သွယ်ရေးအင်ဂျင်နီယာချုပ် ဦးဇော် တင့်က ပေးအပ်လှူဒါန်းရာ သာသနာ တော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးစိုးမင်း ထွန်းက လက်ခံပြီး ဆရာတော်ထံမှ ပရိသတ်တို့က အနုမောဒနာ တရား တော်နာယူကြကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြ သည်။

(သတင်းစဉ်)

နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)ရှိ သင်ကြားစီမံ ဆရာတော်များနှင့် စာသင်သံဃာ တော်တို့အတွက် မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း ပြည်ပဆက်သွယ်ရေး အင်ဂျင်နီယာချုပ် ဦးဇော်တင့်က တစ်နေ့တာ ဆွမ်းအလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(ဆက်သွယ်ရေး)

ကွယ်လွန်သူ အစ်ကို ဦးတန်ရှုဆိုင် အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမ တော်မြို့နယ် (၁၈)လမ်းနေ ဦးမြင့်ရွှေ- ဒေါ်စောရီမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော် ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကဆရာတော် ဘဒ္ဒန္တ စာရိန္ဒာသဘထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)



မြန်မာအားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် စက်တင်ဘာ ၁၅

စက်တင်ဘာ ၁၅ရက်မှ နိုဝင်ဘာ ၁၅ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်မြို့၌ တိုက်ကွမ်ဒိုအားကစား ပူးတွဲလေ့ကျင့်မှုများပြုလုပ်မည့် မြန်မာတိုက်ကွမ်ဒို အားကစားအဖွဲ့ဝင်များ၊ စက်တင်ဘာ ၁၄ရက်မှ ၂၈ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပမည့် အမျိုးသမီး ကမ္ဘာ့အလေးမတံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအလေးမအားကစားအဖွဲ့ဝင်များနှင့် စက်တင်ဘာ ၁၆ရက်မှ ၂၂ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပမည့် လူငယ်ပြေးခုန်ပစ်နည်းပြဆရာများ ဆွေးနွေးပွဲသို့တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တွေ့ဆုံမှာကြားခြင်း အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရာထမ်းငယ် အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၅

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၃၉)သင်တန်းဆင်းအခမ်း အနားကို စက်တင်ဘာ ၁၄ရက်နံနက် ၇နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စစ်ရေးပြကွင်း၌ ကျင်းပရာ သင်တန်း ဆင်းတပ်ခွဲက ပါမောက္ခချုပ် ဦးဝင်းမောင်အားချီတက်အလေးပြုကြ သည်။ ထို့နောက် ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းတွင် ထူးချွန် ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)အုန်းတောခန်းမ၌ သင်တန်း ဆင်းအမှာစကား ပြောကြားကာ သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီတင်းကျွတ်ဝိပဿနာ အထူးတရားအားထုတ်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၆)အင်းစိန်လမ်းမကြီး မဟာ စည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ ရိပ်သာ၌ ပဌမအကြိမ် သီတင်းကျွတ် ဝိပဿနာအထူးတရားအားထုတ်ပွဲကို ၁၃၆၉ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်၊ ၁၈-၁၀-၂၀၀၇(ကြာသပတေး နေ့)မှ သီတင်းကျွတ် လပြည့်ကျော် ၆ရက်၁-၁၁-၂၀၀၇ (ကြာသပတေး နေ့) အထိ ကျင်းပမည်ဖြစ်ရာ (၁၇- ၁၀-၂၀၀၇)ဗုဒ္ဓဟူးနေ့ ညနေ ၆နာရီတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

တရားအားထုတ်ပွဲတွင် မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာ တော်ဘဒ္ဒန္တ ကုန္ဒကမဟာထေရ်မြတ်နှင့် ကမ္မဋ္ဌာနာစရိယ ဆရာတော်များက တရားဟော တရားပြသကြမည် ဖြစ် ကြောင်း သိရသည်။

(က-ပ)

ပြည်ပပို့ ရေထွက်ကုန်ပစ္စည်းများနှင့် ဆိပ်ခံတံတားများ အဆင့်မြှင့်တင်ရေးပညာပေးလုပ်ငန်းခွင် ရက်တိုသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီး ဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲက ကြီးမှူးဖွင့်လှစ်သော ပြည်ပပို့ ရေထွက်ကုန်ပစ္စည်းများနှင့် ဆိပ်ခံတံတားများ အဆင့်မြှင့်တင်ရေး ပညာပေးလုပ်ငန်းခွင် ရက်တိုသင်တန်း ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ရက်နံနက် ၉နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်း အတတ်သင်သိပ္ပံခန်းမဆောင်၌ကျင်းပရာ ငါးလုပ်ငန်းဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေး တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် Myanmar Millennium Group Jetty (M.M.G. Jetty) ဆိပ်ခံတံတား တာဝန်ရှိသူ တစ်ဦးက သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးကသင်တန်းဆင်းလက်မှတ်များကိုပေးအပ် ချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ M.M.G Jetty မှ ဝန်ထမ်း ၄၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ သုံးရက် ကြာမြင့်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ယခုကဲ့သို့ ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးခဲ့ခြင်းမှာ ကစားသမားများ၏ ကြိုးစားမှုနှင့် အနိုင်ရလိုစိတ် ပြင်းပြ၍ ဖြစ်၊ ပရိသတ်အားပေးမှုမှာလည်း အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့။

မြန်မာအမျိုးသမီးဘောလုံးအသင်း အနိုင်ရဗိုလ်စွဲစေရန် မြန်မာဘောလုံးပရိသတ်များက တစ်ခဲနက်အားပေးခဲ့ကြစဉ်။
(အပေါ်ပုံနှင့် အောက်ပုံ) ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

➪ စာမျက်နှာ ၉ မှ

အေးနန္ဒာလှိုင်ဖြတ်ပို့သော ဘောလုံးကို ခင်မိုးဝေ အနီးကပ် ကန်ခွင့်ရသော်လည်း ဘေးထွက်သွား၍ သေချာပေါက်ဂိုးတစ်ဂိုး ဆုံးရှုံးကာ မိနစ် ၉၀အပြည့်အထိ ဂိုးမရှိ သရေ ကျနေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။

အချိန်ပို ပထမပိုင်းအစတွင် မြန်မာအသင်း ဦးဆောင်ဂိုး စတင်ရရှိသွားသည်။ ပွဲအစ နှစ်မိနစ်တွင် ဘယ်တောင်ပံကစားသမား အေးနန္ဒာလှိုင်ဖြတ်ပို့သောဘောလုံးကို ခင်မိုးဝေက ဂိုးသမား၏ ဘယ်ဘက်အောက်ခြေထောင့်သို့ ခေါင်းတိုက်သွင်းယူလိုက်ခြင်းဖြစ်သည်။ ခင်မိုးဝေသွင်းသည့်ဂိုးဝင်သွားသည့်အချိန်တွင် တစ်ကွင်းလုံးမှ ပရိသတ်တို့၏ "ဂိုး" ဟူသော အားပေးသံမှာ ဘဝဂ်အထိ ညံသွားသည်။

ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးထိန်းရန် ကစားအားအနည်းငယ်ချပြီး ခံစစ်ကို ဦးစားပေးကစားလိုက်ရာ ထိုင်းအသင်း ပြန်လည်ဖိကစားလာနိုင်သည်။ ထိုင်းအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်တင်လာရာ မြန်မာနောက်တန်းနှင့် ဂိုးသမားမေခင်ယမင်းတို့ လက်စွမ်းပြကာကွယ်နေရသည်။ မြန်မာအသင်း ကြံ့ကြံ့ခံ ဖျက်ထုတ်နေသည့်ကြားမှ ၁၅မိနစ်တွင် ထိုင်းတိုက်စစ်မှူး ပစ်ဆာမိုင်က ချေပဂိုးသွင်းယူသွားသည်။ အချိန်ပိုဒုတိယပိုင်းတွင်လည်း ထိုင်းအသင်းက ပိုမိုဖိကစားနိုင်သော်လည်း မြန်မာနောက်တန်းကို မကျော်လွှားနိုင်၍ ဂိုးမရသကဲ့သို့ မြန်မာအသင်းမှာလည်း ဂိုးထပ်မံ မသွင်းနိုင်၍ မိနစ်၁၂၀အပြည့်တွင် တစ်ဂိုးစီ သရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။

ပယ်နယ်တီဆုံးဖြတ်ရာတွင် အိမ်ရှင်မြန်မာအသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ မြန်မာအသင်းမှ မိုးမိုးဝါ၊ သန်းသန်းထွေး၊ ခင်မာလာထွန်းနှင့် စန်းစန်းသိန်းတို့လေးဦးစလုံး ဂိုးဝင်ပြီး ထိုင်းမှ နံပါတ်–၈ ဂျန်ပင်တစ်ဦးသာ ဂိုးဝင်ခဲ့သည်။ နံပါတ်–၁၄ဆူကန်ရာ ကန်သွင်းသောဘောလုံးကို မြန်မာဂိုးသမား မေခင်ယမင်း အစွမ်းပြကာကွယ်သွားခဲ့ပြီး နံပါတ်–၁၆ အသင်းခေါင်းဆောင် ဆူရာပွန် ကန်သွင်းသောဘောလုံးမှာဂိုးဘားပေါ်မှ ကျော်သွား၍ မြန်မာအသင်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ထိုင်းအသင်းကို ပယ်နယ်တီအဆုံးအဖြတ် အပါအဝင် ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး အာဆီယံ အမျိုးသမီးချန်ပီယံဆုကြီးကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးရရှိသွားခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၅ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သော ပထမအကြိမ်ပြိုင်ပွဲတွင် အိမ်ရှင်ဗီယက်နမ်အသင်းကိုပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရဗိုလ်စွဲကာ အာဆီယံချန်ပီယံဆုကြီးကို ဦးဦးဖျားဖျား ဆွတ်ခူးရရှိခဲ့သည်။

အာဆီယံအမျိုးသမီး ချန်ပီယံဆုဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးရရှိခဲ့သော အိမ်ရှင်မြန်မာအသင်းသည် ဗိုလ်စွဲအပြီးတွင် ကွင်းတစ်ပတ် လှည့်လည်အောင်ပွဲခံကာ တစ်ခဲနက်အားပေးသော ပရိသတ်ကြီးကို နှုတ်ဆက်ခဲ့ကြသည်။ ယင်းအချိန်တွင် "မြန်မာနိုင်ငံပြီ ဒို့မြန်မာနိုင်ပြီ" သီချင်းသံမှာလည်း သုဝဏ္ဏကွင်းထက်တွင် လွှင့်ပျံ့လျက်ရှိသည်။

ချန်ပီယံမြန်မာအသင်းတွင် ဂိုး–မေခင်ယမင်း၊ နောက်တန်း စန်းစန်းသိန်း၊ မိုးမိုးဝါ၊ စန်းစန်းမော်၊ မြင့်မြင့်အေး(စုစုဝေ)၊ အလယ်တန်း–အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ စန်းယုနိုင်၊ ခင်မာလာထွန်း၊ ရှေ့တန်း–မိုင်နီလာထွေး(ခင်မိုးဝေ)နှင့် ဇင်မာဝမ်း (မာဂရက်မေရီ) တို့ ပါဝင်ကစားခဲ့ကြသည်။

ပွဲအပြီးတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က **"ယခုကဲ့သို့ အနိုင်ရဗိုလ်စွဲခဲ့၍ အတိုင်းမသိဝမ်းသာပါကြောင်း၊ ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးခဲ့ခြင်းမှာ ကစားသမားများ၏ ကြိုးစားမှုနှင့် အနိုင်ရလိုစိတ်ပြင်းပြ၍ ဖြစ်ပါကြောင်း၊ ပရိသတ်အားပေးမှုမှာလည်းအဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါကြောင်း၊ ပံ့ပိုးအားပေးသူအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း၊ လာမည့်ပြိုင်ပွဲတွင် ဆက်လက်အောင်မြင်မှုရအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"**ပြောကြားသွားသည်။

မြန်မာအသင်းနည်းပြချုပ် ဦးအေးကျူကြီးက**"ယခုပွဲတွင် ထိုင်းအသင်း၏ ကစားပုံကို ပိုမိုထိန်းချုပ်နိုင်ခဲ့ပြီး အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့ပါကြောင်း၊ ထိုင်းအသင်းမှာလည်း ကစားပုံကောင်းပါကြောင်း၊ မိမိတို့အသင်းမှာ ပြည်သူအားလုံး မျှော်မှန်းနေသည့် အာဆီယံချန်ပီယံဆုဖလားကို ရယူနိုင်ခဲ့၍ ဝမ်းသာရပါကြောင်း၊ မိမိတို့ကစားသမားများမှာ ယနေ့ပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ထိုက်တန်သည့်ရလဒ်ကို ရယူနိုင်ခဲ့ကြောင်း။**

"လာမည့် ထိုင်းဆီးဂိမ်းတွင်လည်း အောင်မြင်မှုရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

တတိယနေရာလုပွဲတွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၆ရက်မှ ၁၅ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော တတိယအကြိမ် အာဆီယံ အမျိုးသမီး တံခွန်စိုက်ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်မြန်မာက ပထမ၊ ထိုင်းကဒုတိယ၊ ဗီယက်နမ်က တတိယရရှိခဲ့ပြီး ဗီယက်နမ်အသင်းက အသန့်ရှင်းဆုံးဆုပါ ဆွတ်ခူးရရှိသွားခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr.Ravy Khek က ဗိုလ်လုပွဲစဉ်၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဒိုင်လူကြီးများအား ဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အာဆီယံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Pangiran Haji Mafusin Matasan က အသန့်ရှင်းဆုံးဆုရရှိသော ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းအား ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တတိယဆုရရှိသော ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဒုတိယရရှိသော ထိုင်းအမျိုးသမီးဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ပထမဆုရရှိသော မြန်မာအမျိုးသမီးဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး အောင်ပွဲရ အားကစားသမားများနှင့်အတူ တွေ့ရစဉ်။
(ကြေးမုံ)

"မြန်မာအသင်းဗိုလ်စွဲရာတွင် ပရိသတ်၏ အားပေးမှုမှာ အဓိကနေရာမှ ပါ ဝင် ကြောင်း" မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော် ပြောကြားစဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

✳ အထွက်နှုန်းကောင်းမှ

ထို့နောက် သကြားစက်နှင့် ကြံစိုက်ပျိုးရေးစီမံကိန်း ဒါရိုက်တာ ဦးစံအေးလှက ဆင်းရွှေလီကြံမျိုးများ ရယူပြီးကျယ်ပြန့်စွာ စိုက်ပျိုးသွားမည့် အခြေအနေနှင့် လက်တွေ့စိုက်ပျိုးနည်းစနစ်များကိုပါ အကူအညီ ရယူလိုကြောင်း တင်ပြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက မျိုးကြံရယူစိုက်ပျိုး ဆောင်ရွက်ကြမည့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆင်းရွှေလီကြံမျိုး ရယူစိုက်ပျိုးကြမည့် ဌာနဆိုင်ရာတာဝန်ရှိသူများအား သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် အခြေခံသော့ချက် ၁၀ချက်ပါရှိသည့် ဗီဒီယိုမှတ်တမ်းခွေများကို ပေးအပ်သည်။

ရှင်းလင်းပြောကြား

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်က ဒေသနှင့်ကိုက်ညီဖြစ်ထွန်း အောင်မြင်လျက်ရှိသည့် အထူးအထွက်နှုန်းကောင်းပြီး စီးပွားရေးအရ အထူးတွက်ခြေကိုက်သည့် ဆင်းရွှေလီကြံများကို အရှိန်အဟုန်မြှင့်တင် တိုးချဲ့စိုက်ပျိုးသွားနိုင်ရေးအတွက် အခြေခံလိုအပ်ချက်(၂)ရပ်ဖြစ်သည့် မျိုးကောင်းမျိုးသန့်များ အချိန်မီ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသွားမည့် အစီအစဉ်နှင့် သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်း စနစ်သော့ချက် ၁၀ချက်ကို စိုက်ပျိုးရေးပညာပေးလုပ်ငန်းအဖြစ် စီးပွားဖြစ်စံပြစိုက်ခင်းကြီးများကို စိုက်ပျိုးပြသစည်းရုံးအကောင်အထည်ဖော် လုပ်ဆောင်သွားကြရမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ စိုက်နည်းစနစ် ကောင်းမွန် မှန်ကန်သကဲ့သို့ ဆည်မြောင်းဦးစီးဌာနအနေဖြင့်လည်း ရေရရှိရေးသည် အဓိကအရေးပါသဖြင့် ကူညီဆောင်ရွက်ပေးရေး၊ တောင်သူလယ်သမားများ၏ ဘဝတိုးတက်မြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် စိုက်နည်းစနစ်များ ပြောင်းလဲတိုးတက်မှုနှင့်အညီ ပညာပေးစည်းရုံးလုပ်ဆောင်မှုများကို စိုက်ပျိုးရေး ဝန်ထမ်းများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး၊ တပ်ရင်း/တပ်ဖွဲ့များအနေဖြင့်လည်း အနည်းဆုံး ၁၀ ဧကကို စံပြနမူနာပြ စိုက်ခင်းများအဖြစ် ဦးစီးရှေ့ဆောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ဝန်ကြီးဌာနများအနေဖြင့်လည်း ဧက ၁၀၀၀မှ ၂၀၀၀ စိုက်ကွင်းများ အဖြစ်ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်ကြရေးနှင့် ကြံမျိုးနှင့် စိုက်နည်းစနစ်များ ကူညီပံ့ပိုးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့သည် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ စိုက်ခင်းတာဝန်ခံများ၊ ကြံတောင်သူများနှင့်အတူ စံပြသုတေသန ၁၀ ဧက စိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှု၊ အဆိုပါ စိုက်ခင်းမှ ကြံမျိုးခုတ်ယူပြီး ပြန်လည်ရှင်သန် အောင်မြင်နေသော လမိုင်းစိုက်ခင်းနှင့် အသစ်ထပ်မံ တိုးချဲ့စိုက်ပျိုးလျက်ရှိသော ဧက ၁၀၀ စိုက်ခင်း အကောင်အထည်ဖော်ပြီးစီးမှုများကို ကြည့်ရှုအားပေးကြပြီး လုပ်ငန်းများ အစ၊ အလယ်၊ အဆုံး အောင်မြင်ရေးအတွက် စိုက်နည်းသော့ချက် ၁၀ ချက်ကို တိတိကျကျလိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြား၍ လုပ်ငန်းပါဝင်ဆောင်ရွက်နေကြသော စစ်သည်၊ မိသားစုများအား စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်

ယခုနှစ် စိုက်ပျိုးရာသီတွင် တပ်ကုန်းတပ်နယ်အတွင်း စံပြမျိုးသန့်မျိုးပွားကြံဧက ၁၀၀ စိုက်ခင်းနှင့် လမိုင်းစိုက်ခင်းများမှ ဆင်းရွှေလီကြံမျိုးသန့်တန်ချိန် ၅၅၀၀ မှ ၆၀၀၀ ထိ ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည့်အပြင် တောင်ညိုတပ်နယ်စံပြသုတေသန ဧက ၂၀ စိုက်ခင်းများမှ မျိုးသန့်မျိုးပွားရယူကာ ထပ်မံတိုးချဲ့လျက်ရှိသည့် ကြံစိုက်ခင်းများမှ ကြံတန်ချိန် ၁၀၀၀၀ ကျော် စုစုပေါင်း နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ဆင်းရွှေလီကြံတန်ချိန် ၁၆၀၀၀ မှ ၂၀၀၀၀ အထိ စိုက်ပျိုးထုတ်လုပ် နိုင်မည်ဖြစ်ပြီး မျိုးသန့်မျိုးပွားကြံမျိုးနှင့် စိုက်နည်းစနစ်များကို ဖြန့်ဖြူးသွားနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❁ အာဟာရဖွံ့ဖြိုးရေးမှ

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ကျင်းပရေးကော်မတီဝင်များ၊ ဆားချက်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီ၏ မျက်ခြည်မပြတ် ပေါင်းစပ်ညှိနှိုင်းမှု၊ ပံ့ပိုးမှုများ ပေးလျက်ရှိကြောင်း၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေးအခြေအနေ မြှင့်တင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်အဖြစ် ပြည်သူတို့၏ အာဟာရအခြေအနေ မြင့်မားရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နိုင်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများသည် မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများပြုလုပ်ရခြင်း၏ ရည်မှန်းချက်များမှာ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား ထုတ်လုပ်စားသုံးမှု အရှိန်အဟုန်ကိုမြှင့်တင်ရန်၊ ဘီတာမင်အေ အားဆေးတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားစေသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန်၊ အမျိုးသမီးများ သံဓာတ်ဆေးပြား သောက်သုံးခြင်း၏ အကျိုးကျေးဇူးကို ပိုမိုနားလည်သဘောပေါက်လာစေရန်၊ အသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ အသက်အရွယ် အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ထွန်းကားလာစေ ရန်နှင့် သန်ချဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို အသက်(၂)နှစ်မှ (၅)နှစ်အတွင်း ကလေးများနှင့် မူလတန်းကျောင်းသားအရွယ် ကလေးများအားလုံး တစ်နှစ်တွင် နှစ်ကြိမ်နှင့် ကိုယ်ဝန်သုံးလအထက် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား သန်ချဆေး တိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားလာစေရန်တို့ဖြစ်ကြောင်း။

ကလေးသူငယ်များ၏ အာဟာရအခြေအနေ မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ မိခင်နှင့်ကလေး ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို ဟန်ချက်ညီညီ မြှင့်တင်ဆောင်ရွက်ပေးနေသည်ကို တွေ့မြင်နိုင်ကြောင်း။

ထို့အပြင် အာဟာရအခြေအနေမြှင့်တင်ရေးကြိုးပမ်းရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေပြီး ၂၀၀၆-၂၀၁၀ ငါးနှစ်အတွက် "မြန်မာနိုင်ငံ အစားအစာနှင့် အာဟာရလုပ်ငန်းအစီအစဉ်"ကိုလည်း ရေးဆွဲထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် အစားအစာထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများတွင် တာဝန်ရှိကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းစသည့် ဌာနများနှင့် ရင်းနှီးစွာ လက်တွဲဆောင်ရွက်နေကြောင်း၊ မှန်ကန်သည့် အာဟာရ ဗဟုသုတများ ပြန့်ပွားရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်သည့် ပညာရေးဝန်ကြီးဌာန၏ အကူအညီကိုလည်း ရယူဆောင်ရွက်ပြီး အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့်လည်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နေကြောင်း။

အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ကျင့်သုံးပြီး ဆောင်ရွက်ရာတွင် ပြည်သူတို့ကိုယ်တိုင် အသိရှိရှိ ပူးပေါင်းဆောင်ရွက်မှသာ ရေရှည်တည်တံ့နိုင်ကြောင်း၊ ကလေးသူငယ်များကို အချိန်မှန် ကိုယ်အလေးချိန် ချိန်၍ မှတ်တမ်းတင်ပြီး အာဟာရပညာပေး စောင့်ရှောက်သည့်လုပ်ငန်း၊ အာဟာရကျွေးမွေးပြီး စောင့်ရှောက်သည့် လုပ်ငန်းများတွင် ဒေသခံလူထု ပူးပေါင်းဆောင်ရွက်မှုကြောင့် ရေရှည်တည်တံ့နိုင်မည့် အလားအလာကောင်းများ ဖြစ်ထွန်းလာသည်ကို တွေ့နေရပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံသားများ၊ အထူးသဖြင့် မြန်မာမိခင်များနှင့် ကလေးသူငယ်များ၏ အာဟာရအခြေအနေ မြှင့်တင်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ လက်တွဲဆောင်ရွက်နေကြသည့် သတ္တုတွင်းဝန်ကြီးဌာနနှင့် အခြားဌာနအသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အဓိကပံ့ပိုးကူညီပေးသည့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ လူထုအခြေပြု အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၏ မှတ်တမ်းဓာတ်ပုံများ၊ ပြည်သူများ၏ အာဟာရအခြေအနေ ဆန်းစစ်လေ့လာမှုများနှင့် အာဟာရဖွံ့ဖြိုးရေးစီမံချက် သင်တန်းနှင့် ဆွေးနွေးပွဲများ၏ မှတ်တမ်းဓာတ်ပုံများ၊ ကျန်းမာရေးပညာပေးစာအုပ်များ၊ အာဟာရပြည့်ဝသော အစားအစာများ၊ ကျန်းမာရေးကို အားပေးသော အစားအစာများ၊ ကျန်းမာရေး ထိခိုက်စေနိုင်သော အစားအစာများ၊ သတ္တုတွင်းဝန်ကြီးဌာန၏ အိုင်အိုဒင်းဆား တိုးတက်ထုတ်လုပ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်မှု ဓာတ်ပုံများနှင့် အိုင်အိုဒင်းဆား နမူနာများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မျိုးဆက်ပွားအရွယ် အမျိုးသမီးများအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးကြပြီး ကလေးငယ်များအား ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးကြကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ငွေပေါ်ကျွန်း ဗုဒ္ဓဒူတ တောင်စွန်းရွှေတဂူဆရာတော် တရားစခန်းပွဲ၊ ဘုရားကျောင်းဆောင်နှင့် စုပေါင်းသွေးလှူပွဲ

ရန်ကုန် စက်တင်ဘာ ၁၅

ဗုဒ္ဓအလိုတော်ကျ မိုးကုတ် ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး၊ ဓမ္မဒူတ ရှင်ပညာဇောတ (တေဒဂ်) ဆရာတော်များအား ကျေးဇူးပြု ကျေးဇူးဆပ်သောအားဖြင့် သာသနာပြန့် သစ္စာအဓိဋ္ဌာန် သမထ ဝိပဿနာ တရားစခန်းပွဲကို (၁၃)ကြိမ်မြောက်အဖြစ် စက်တင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ သင်ကြားကျင့်ကြံပွားများ အားထုတ်နည်းကို သင်ကြားပို့ချပေးမည်။ စက်တင်ဘာ ၁၈ ရက်တွင် အဋ္ဌမအကြိမ်မြောက် ဘုရား၊ ကျောင်းဆောင်နှင့် အာဟာရဒါန လှူဒါန်းမှုကို (I.T.C) ကမာရွတ်၌ ကျင်းပပြီး စက်တင်ဘာ ၂၂ ရက်တွင် စုပေါင်း သွေးလှူဒါန်းမည်ဖြစ်ရာ ဆွမ်းစရိတ် အခမဲ့ လှူဒါန်းမည်ဖြစ်သည်။

ဆက်သွယ်လိုသူများ ဦးအရိယာဝံသ (မန္တလေးကျောင်း၊ ၃၇/ရန်အောင်တိုက်၊ င/သန္တာ မြောက်ဥက္ကလာ)၊ ဒေးဒရဲဆရာတော် အရှင်ဝဏ္ဏိတ (ရတနာဓမ္မာရုံကျောင်း၊ ခြောက်ထပ်ကြီး၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၅၅၄၆၈၄)၊ အောင်မင်္ဂလာဆရာတော် အရှင်စန္ဒိမာ ပုဇွန်တောင်မြို့နယ် ဖုန်း- ၂၈၂၄၅၁၊ ဦးငွေဟိန်း(ခ)ငွေထွန်း ငွေပေါ်ကျွန်း ဗုဒ္ဓတစ်ထောင်သာသနာပြု ကြွေးကင်း ရန်ပြေအောင် ပေါင်းစုဘုရားဝင်း (၁) ရပ်ကွက် ဝေဘာဂီမြို့သစ် မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့ ဖုန်း- ၀၉-၅၁၈၀၈၁၁၊ မထေက်ထက်ပိုင် [Grade-XI-(H)-TTC, ကမာရွတ်]၊ ဒေါ်မြင့်မြင့်မော် (ဥက္ကဋ္ဌ) မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဝေဘာဂီမြို့သစ်၊ ဦးအောင်ကြည် (စည်းရုံးရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဝေဘာဂီမြို့သစ်)၊ ဦးတင်ရီ ဖုန်း- ၀၉-၅၁-၃၇၄၅၅၊ ၈/ကောင်းလက်ရာ ထမင်းဆိုင် မြေနီကုန်း မပိုလမ်း စမ်းချောင်းတို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိအုန်းတော (၂)လမ်းနေ ဒေါ်အမာ မိသားစုက မွေးနေ့မြတ်ဒါနအဖြစ် အလှူတော်ငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစံရင် လက်ခံယူစဉ်။ (က-ပ)

▲ ၂၀၀၇ ခုနှစ်မှ

ကျောက်မျက်ရတနာများကို သင့်လျော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ် တင်ပြရောင်းချရန် အထူးလိုအပ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ယခင် ကျောက်မျက်ရတနာပြပွဲများနည်းတူ ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ (Export Earning)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

ပူးပေါင်းညှိနှိုင်းဆောင်ရွက်

ထို့အပြင် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ အများအပြား တက်ရောက်ဝယ်ယူနိုင်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

၂၀၀၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၂၀ ရက်အတွင်း သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပံ့ပိုးကူညီဆောင်ရွက်

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၅ ရက်က မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအား သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် အသင်းပိုင်စက်ကြီးဖြင့် ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း ဆောင်ရွက်ပေးရာ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနဆရာတော်နှင့် မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်လင်း၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်းတို့ ပံ့ပိုးကူညီဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

အင်တာနက် အာကာသ သိပ္ပံသတင်း

ဂျပန်နိုင်ငံ၏ လသွားယာဉ်တင်ဆောင်သွားသည့် ဒုံးယာဉ်ကို အောင်မြင်စွာ ပစ်လွှတ်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ၏ လသွားယာဉ် အောင်မြင်စွာလွှတ်တင်

တိုကျို စက်တင်ဘာ ၁၅

အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့်အပြိုင် ဂျပန်နိုင်ငံကလည်း လကမ္ဘာသို့ ဂြိုဟ်တုတစ်စင်းကို စက်တင်ဘာ ၁၄ရက်က လွှတ်တင်ခဲ့သည်။

လကမ္ဘာသွားသည့် ဂြိုဟ်တုများသယ်ဆောင်သွားသည့် ဒုံးယာဉ်ကို တိုကျိုမြို့၏ တောင်ပိုင်း မိုင် ၆၂၀အကွာရှိ တနင်ဂါရှီမကျွန်းပေါ်မှ နံနက် ၁၀နာရီ ၃၁မိနစ်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ လသွားဂြိုဟ်တုများ၏ စုစုပေါင်း အလေးချိန်သည် သုံးတန်ခန့်ရှိသည်။

ဒုံးယာဉ်ကို လွှတ်တင်ပြီး ၄၅မိနစ်အကြာတွင် လသွားယာဉ်နှင့်ပင်မဒုံးယာဉ်တို့ ကွဲကွာသွားသည်။ လမင်းသမီးကာဂါယဟု ဂျပန်ဘာသာဖြင့် ချစ်စနိုးခေါ်တွင်ထားသော လသွားယာဉ်သည် ကမ္ဘာမြေကို ဦးစွာနှစ်ပတ်လှည့်ပတ်၍ အရှိန်ယူပြီးမှ လဆီသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ လနှင့်မြေကမ္ဘာအကြား အကွာအဝေးခရီးမှာ မိုင်ပေါင်း ၂၃၇၅၀၀ကွာဝေးသည်။

ဂျပန်တို့၏ လသွားဒုံးယာဉ်လွှတ်တင်ရေး အစီအစဉ်ကို (www. jaxa.jp) ဝက်ဘ်ဆိုက်မှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ သည်။

ယခုလွှတ်တင်သည့် လသွားယာဉ် စီမံကိန်း အတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၇၉ ဒသမ ၂ သန်းဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များအချိန်က ပစ်လွှတ်ခဲ့သည့် အမေရိကန်တို့ အပိုလိုလသွားယာဉ် စီမံကိန်းပြီးလျှင် ယခုစီမံကိန်းသည် အကြီးစားစီမံကိန်း တစ်ခုပင်ဖြစ်သည်ဟု ဆိုသည်။

ဂျပန်တို့၏ လသွားယာဉ်ကို ဂြိုဟ်တုသုံးလုံးဖြင့် ဖွဲ့စည်းထားသည်။ ပင်မဂြိုဟ်တုနှင့် ဂြိုဟ်တုငယ်နှစ်လုံးတို့ ပါဝင်သည်။ လကမ္ဘာဆီသို့ ရောက်သောအခါ လမျက်နှာပြင်ပေါ်မှ ကီလိုမီတာ ၆၀ခန့်အကွာတွင် ပင်မဂြိုဟ်တုက လှည့်ပတ်နေမည်ဖြစ်ပြီး ဂြိုဟ်တုငယ်နှစ်စင်းက လ,ကိုအနီးကပ်လေ့လာမည်ဖြစ်သည်။

လ,လေ့လာရေးဂြိုဟ်တုများတွင် ကိရိယာ ၁၄မျိုးတပ်ဆင်ထားသည်။ ထိုကိရိယာများတွင် လမျက်နှာသွင်ပြင်ကို လေ့လာမည့်ပစ္စည်း၊ ဆွဲအားကိုတိုင်းတာမည့်အသုံးအဆောင်၊ လ၏မူလအခြေအနေနှင့် ဆင့်ကဲပြောင်းလဲမှုကို တိုင်းတာမည့်ကိရိယာ စသည်များလည်း ပါဝင်သည်ဟုဆိုသည်။

ယင်းလသွားယာဉ်လွှတ်တင်ရေး အစီအစဉ်သည် မူလကသတ်မှတ်ထားသည်ထက် အချိန်လေးလနောက်ကျပြီးမှ အကောင်အထည် ပေါ်လာခြင်းဖြစ်သည်။

ဂျပန်တို့နည်းတူ လသွားယာဉ်များကို တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကလည်း လွှတ်တင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ တရုတ်နိုင်ငံသည် ယခုနှစ်အတွင်းတွင် လသွားယာဉ်တစ်စင်းကို လွှတ်တင်ရန် စီစဉ်နေပြီး ၂၀၁၀ပြည့်နှစ်၌ လူလိုက်ပါခြင်းမရှိသော လဆင်းယာဉ်တစ်စင်းကိုပါ ပစ်လွှတ်ရန် စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံကလည်း လသွားယာဉ်ကို ၂၀၀၈ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ပြီး လူလိုက်ပါမည့် လဆင်းယာဉ်ကို ၂၀၂၀ပြည့်နှစ်တွင် လွှတ်တင်ရန်စီစဉ်ထားသည်။

အင်တာနက်။

အင်တာနက် အားကစားသတင်းများ

ဝိုင်းဝန်းဂုဏ်ပြု

မန်ချက်စတာ ယူနိုက်တက် အသင်းအတွက် နီမန်ဂျာဗီဒစ် ဂိုးသွင်းပြီးနောက် အသင်းဖော်များက ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆) ကျင်းပ မန်ယူအနိုင်ရ၊ ချယ်လ်ဆီးနှင့်ဘာလက်ဘန်း သရေကျ

လီဗာပူး စက်တင်ဘာ ၁၅

အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)တွင် ပါဝင်သည့် မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် အဲဗာတန်အသင်းတို့ လီဗာပူးမြို့ရှိ ဂွတ်ဒီဆန်ပါ့ခ်ကွင်း၌ ယနေ့ ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာ ယူနိုက်တက်အသင်းက အဲဗာတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာယူနိုက်တက်အသင်း၏ တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၃မိနစ်တွင် နာနီ၏ ထောင့်ကန်ဘောမှတစ်ဆင့် နီမန်ဂျာဗီဒစ်က သွင်းယူခဲ့သည်။

ယခုပွဲတွင် စီရော်နယ်လ်ဒို ပါဝင်ကစားခဲ့သည်။ ၎င်းသည် လွန်ခဲ့သည့်လက ပို့စ်မောက်အသင်းမှ ရစ်ချက်အပ်ဖက်အား ဦးခေါင်းဖြင့် ပြေးတိုက်မှုအတွက် သုံးပွဲ ပွဲပယ်ပြစ်ဒဏ်ကို ခံခဲ့ရသည်။

ပို့စ်မောက်-လီဗာပူး

ပို့စ်မောက်အသင်းနှင့် လီဗာပူးအသင်းတို့ ပို့စ်မောက်မြို့ရှိ ဖရက်တန်ပါ့ခ်ကွင်း၌ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ဂိုးမရှိသရေကျခဲ့ကြသည်။

ယခုပွဲတွင် ပို့စ်မောက်အသင်းမှ ကာနူးက ပြစ်ဒဏ်ဘော ကန်သွင်းခွင့်ရရှိခဲ့သော်လည်း လီဗာပူးဂိုးသမားပက်ရေနာ ကာကွယ်လိုက်နိုင်သည်။ လီဗာပူးအသင်းမှ အယ်လ်ဗာရို အာဘယ်လ်လိုက နိုင်ဂျီးရီးယား ဘောလုံးသမား ကာနူး၏အင်္ကျီကို ဆွဲထားခဲ့ရာမှ ပို့စ်မောက်အသင်း ပြစ်ဒဏ်ဘော ရရှိခြင်းဖြစ်သည်။ **အင်တာနက်**

တရုတ်လက်ရွေးစင်အသင်း၏ နည်းပြသစ် ပီထရိုဗစ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်အသင်းနည်းပြအဖြစ် ပီထရိုဗစ်အားခန့်အပ်

ပေကျင်း စက်တင်ဘာ ၁၅

တရုတ်လက်ရွေးစင်အသင်း၏ နည်းပြသစ်အဖြစ်ယူဂိုဆလပ် လက်ရွေးစင်ဘောလုံးသမားဟောင်း ဗလာဒီမာပီထရိုဗစ်အား ခန့်အပ်လိုက်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် (၅၂)နှစ်ရှိ ပီထရိုဗစ်သည် တရုတ်စူပါလိဂ်ကလပ်အသင်းဖြစ်သော တာ့လျံရှိတီအသင်းအား ၂၀၀၅ခုနှစ်တွင် ချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ပီထရိုဗစ်သည် လာမည့်နှစ်စက်တင်ဘာ ၃၀ရက်အထိ တရုတ်လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် တာဝန်ယူမည်ဖြစ်သည်။

ဇူလိုင်လက ကျင်းပသည့် အာရှဖလားဘောလုံးပြိုင်ပွဲတွင် တရုတ်အသင်း ပထမအကျော့မှာပင် ရှုံးနိမ့်မှုနှင့် တွေ့ကြုံခဲ့ရပြီးနောက် နည်းပြကျူကွမ်းဟူမှာ တရုတ်အသင်း၏နည်းပြအဖြစ်မှ ဖယ်ရှားခံခဲ့ရသည်။

အင်တာနက်

ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒိန်းမတ်အသင်းအနိုင်ရ

ဝူဟန် စက်တင်ဘာ ၁၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စုပွဲများကို ယနေ့ဆက်လက်ကျင်းပသည်။ တရုတ်နိုင်ငံ ဝူဟန်မြို့၌ ဒိန်းမတ်အသင်းနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဒိန်းမတ်အသင်းက နယူးဇီလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဒိန်းမတ်အသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် ရှုံးထွက်အဆင့်သို့ တက်လှမ်းရန် မျှော်လင့်ချက် ရှင်သန်လာသည်။

ဒိန်းမတ်အသင်း၏ အသင်းခေါင်းဆောင် ကက်ရင်းပီဒါဆန်က ပွဲချိန် ၆၁မိနစ်တွင်လည်းကောင်း၊ ပက်ဆော်ရန်ဆန်က ပွဲချိန် ၆၆မိနစ်တွင်လည်းကောင်း ဂိုးသွင်းနိုင်ခဲ့သည်။

အင်တာနက်။

စက်တင်ဘာ ၁၅ရက်က တရုတ်နိုင်ငံဝူဟန်မြို့၌ ကျင်းပသော ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဒိန်းမတ်အသင်းမှ ပက်ဆော်ရန်ဆန်သယ်ယူလာသည့်ဘောလုံးကို နယူးဇီလန်အသင်းမှ မာလီအော်စဒမ်က ဖျက်ထုတ်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြစ်ရေကြီးခြင်း သတိပေးချက်ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၅

ဒုဌဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့၌ စင်တီမီတာ ၈၂၀သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈နာရီအတွင်း မြစ်ငယ်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀သို့ ရောက်ရှိနိုင်သည်။

ထုတ်ပြန်ထား

အလားတူ ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့၌ ၁၃၃၅စင်တီမီတာနှင့် ကလေးဝမြို့၌ ၁၃၆၉စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ် အထက်၌ မော်လိုက်မြို့၌ ၁၀၅စင်တီမီတာနှင့် ကလေးဝမြို့၌ ၈၉စင်တီမီတာ ကျော်လွန်နေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၂၃၀နှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆု

အင်းစိန် အထက(၁)မှ ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား ဆုချီးမြှင့်ပွဲကို ရောခန်းမ၌ ကျင်းပရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက ခြောက်ဘာသာ ဂုဏ်ထူးရှင် မအိရည်မွန်ဟန်ကို ဂုဏ်ပြုဆုချီးမြှင့်နေစဉ်။ (၆၁)

အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၅

ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၉၅မှ ၁၉၉၆ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၂ရက်တွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဇော်လင်း-၀၉ ၅၁၇၈၈၆၂၊ သန့်ဇင်ဦး-၀၉ ၉၉၂၀၈၂၁၊ စိုးဆက် ထွန်း-၀၉ ၅၁ ၂၅၉၅၆၊ မေအိမွန်-၀၉ ၅၁ ၉၁၇၂၂၊ ခွန်းချိုဆွေရည်-၀၉ ၅၁ ၂၄၇၁၀နှင့် ဓာလီဘစိန် -၀၉ ၅၁ ၁၉၈၂၆တို့သို့ဆက်သွယ်နိုင်ကြောင်း သိရ သည်။ (က-ပ)

ထွက်နှုန်းကောင်း တွက်ခြေကိုက်သည့် ဆင်းရှွေလီကြံများကို အရှိန်အဟုန်မြှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များ အချိန်မီ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူး

သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်းစနစ် သော့ချက် ၁၀ ချက်ကို ပညာပေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင် တပ်ကုန်း တပ်နယ် ဆင်းရှွေလီကြံ ပျမ်းမျှ တစ်ဧက တန် ၅၀ စံပြသုတေသန ၁၀ ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်သည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၌ စိုက်ပျိုးထားသော ဆင်းရှွေလီကြံ ပျမ်းမျှ တစ်ဧက တန် ၅၀ စံပြသုတေသန ၁၀ ဧက စိုက်ခင်းသို့ရောက်ရှိကာ အထွက်တိုးကြံများ ကျယ်ပြန့်စွာ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က တပ်ကုန်းနှင့် တောင်ညိုတပ်နယ်များအတွင်း ဆင်းရှွေလီကြံ ဧက ၃၀ ရှေ့ပြေးသုတေသန စံပြစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိသဖြင့် ကြံမျိုးသန့် မျိုးပွားများ ရယူစိုက်ပျိုးသွားမည့် အခြေအနေနှင့် တိုင်းစစ်ဌာနချုပ် နယ်မြေ၌ ယခင်နှစ်တွင် ကြံစိုက်ပျိုးပြီးစီးမှုနှင့် ယခုနှစ်တွင် စိုက်ဧက ၄၀၀၀၀ လျာထားချက်အပေါ် ဧက ၃၀၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် ဆင်းရှွေလီကြံမျိုးများကို ရယူတိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အခြေအနေကြောင့် မူလရည်မှန်းချက် အထွက်နှုန်း တစ်ဧက တန် ၅၀ ထက် ပိုမိုကျော်လွန်မည့် အခြေအနေများကို လည်းကောင်း၊ တပ်ကုန်းတပ်နယ်မှ ကြံစိုက်ခင်း ကြီးကြပ်ရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး တင်ဝင်းက ရှေ့ပြေးသုတေသန စံပြ ၁၀ ဧက စိုက်ခင်းမှ တိုးချဲ့စိုက်ပျိုးလျက်ရှိသော မျိုးသန့်မျိုးပွား ဧက ၁၀၀ စိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို လည်းကောင်း၊ မြန်မာ့ကြံသကြားလုပ်ငန်း နေပြည်တော် ပျဉ်းမနားခရိုင် မန်နေဂျာ ဦးဝင်းမောင်က ဆင်းရှွေလီကြံ၏ အားသာချက်များနှင့် စိုက်နည်းစနစ်၏ သော့ချက် ၁၀ ချက်ကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

ရှင်းလင်းတင်ပြ

ဆက်လက်၍ တောင်ညိုတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်မြင့်က ဆင်းရှွေလီ စံပြသုတေသန စိုက်ခင်းဧက ၂၀ ၏ မြေအနေအထား ကောင်းမွန်မှုနှင့် ရေရရှိမှု

ရှာရန်ရာနှုန်း(၈၀)

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲတွင် ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးစဉ်။ (သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို နည်းမျိုးစုံ ကျင့်သုံးဆောင်ရွက်ရာတွင် ပြည်သူတို့ကိုယ်တိုင် အသိရှိရှိ ပူးပေါင်းဆောင်ရွက်မှသာ ရေရှည်တည်တံ့နိုင်

နေပြည်တော် စက်တင်ဘာ ၁၅

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနအစည်း အဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၁၂ ကော်လံ ၃ သို့ ❋

၂၀၀၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၅

သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီတို့သည် ၂၀၀၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် သင့်လျော်မည့် အခြေခံ ရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေများ တိုးတက်ရရှိမည်ဖြစ်သည်။ ရတနာကုန်သည်များသည် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများပြားသဖြင့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ▲

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး